ကြေးမုံ

The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့၊ စနေနေ့ (2-11-2013) (၇၆၅၂)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

ထူးခြားသည့် ညအပူချိန်များ

၁-၁၁-၂၀၁၃

ဟားခါး
၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်
၆ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၈ ဒီဂရီစင်တီဂရိတ်

SME များအတွက် လွယ်ကူသက်သာမည့် စက်ရုံတိုက်ခန်းစနစ်များထူထောင်နိုင်ရေး ကူညီပေးရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏(၂/၂၀၁၃)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်လွင် တက်ရောက်အမှာစကားပြောကြားသည်။(ယာပုံ)

အဆိုပါလုပ်ငန်းကော်မတီအစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမောင်မြင့်၊ ဦးဝင်းမြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်လွင်က အမှာစကားပြောကြားရာတွင် အားလုံးပါဝင်ပြီး လူအများစုကြီးထံ အရောက်သွားနိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ဆင်းရဲမှုလျှော့ချရေးအတွက် သော့ချက်ဖြစ်ပါကြောင်း၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် SME များသည် ယနေ့ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလှုပ်ရှားမှုများ၏ ကျောရိုးမဏ္ဍိုင်ဖြစ်နေကြရာ SME များ အားကောင်းမောင်းသန်နှင့် ရေရှည်တည်တံ့စေရန်ဆောင်ရွက်ပေးနိုင်မှသာ ထိုကဲ့သို့ အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအမျိုးအစားကို ရရှိစေမည်ဖြစ်ပါကြောင်း၊

ထို့အတွက်လည်း နိုင်ငံတိုင်းသည် SME များ၏အခန်းကဏ္ဍကို အထူးအလေးထားကာအားပေးမြှင့်တင်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း SME များ ရပ်တည်ရှင်သန်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရှားပါးမျိုးစိတ်ဝင် ဧရာဝတီလင်းပိုင် ကာကွယ်စောင့်ရှောက်ပေး

ထွေးမြင့်နိုင်(စစ်ကိုင်း)

စစ်ကိုင်း နိုဝင်ဘာ ၁

ရှားပါးမျိုးစိတ်ဝင် ဧရာဝတီလင်းပိုင်တစ်ကောင် ဩဂုတ်လပထမပတ်အတွင်း ထပ်မံသေဆုံးသွားခြင်းကြောင့် ထိန်းသိမ်းရေးဇုန်ဧရိယာအတွင်းလင်းပိုင် ၂၂ ကောင်သာကျန်ရှိတော့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဟန်ဝင်းထံမှ သိရသည်။

ဩဂုတ်လပထမပတ်က သေဆုံးသွားသော ဧရာဝတီလင်းပိုင်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့ ရေတော်ဘုရားအထက်ဆိပ်သာ ဆိပ်ကမ်းအနီးတွင် ပုပ်ပွနေသော လင်းပိုင်အသေဖြစ်ကြောင်း ၎င်းက ပြောသည်။

“သေဆုံးသွားသော လင်းပိုင်က ထိန်းသိမ်းရေးဧရိယာထဲမှ မဟုတ်ဘူးလို့ ယူဆပါတယ်။ လာမယ့် ဒီဇင်ဘာလမှာတော့ ဧရာဝတီလင်းပိုင်စာရင်းပြန်ကောက်ဖို့ စီစဉ်ထားပါတယ်”ဟု ဦးဟန်ဝင်းကဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ယနေ့ **မာတိကာ**

ဗီယက်နမ်လူဦးရေ သန်း ၉၀ ပြည့်ပြီ
စာမျက်နှာ ✧ ၅

ကျွန်တော့်သမီးကို မျက်နှာသာမပေးပါနှင့်
စာမျက်နှာ ✧ ၆

ရိုးမားအသင်း ၁၀ ပွဲဆက်တိုက် ရှုံးပွဲမရှိခဲ့ချိန်တွင်
စာမျက်နှာ ✧ ၁၃

ကြေးမုံစာတည်းရှုထောင့် — ၂-၁၁-၂၀၁၃၊ စနေနေ့

မင်္ဂလာနံနက်ခင်းများ

လူတစ်ယောက်အတွက် တစ်နေ့တာ မင်္ဂလာအရှိဆုံးအချိန်သည် နံနက်စောစောအခါသမယ ဖြစ်သည်။ တစ်နေကုန်ပင်ပန်းသမျှကို အိပ်စက်အနားယူရင်း လန်းဆန်းတက်ကြွ နိုးထမင်္ဂလာအချိန်တွင် မိမိကိုယ်နှိုက်ကလည်း မင်္ဂလာယူတတ်ဖို့ လိုအပ်ပါသည်။

"စောစောအိပ်ထ၊ ပြုကျင့်က၊ တွင်းပကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်း၊ ရှောင်ခွာတိမ်း၊ ကင်းငြိမ်းလွန်ချမ်းသာ" အခြေခံပညာ၏ အဦးအစ သူငယ်တန်းမှစ၍ စောစောထဖို့ အလေ့အကျင့်ကောင်းကို သိထားအောင် သင်ကြားပေးထားခြင်း ဖြစ်ပါသည်။ သံပြိုင်ဟစ်ဆို တပျော်တပါးရှိနေတတ်ကြသော ကလေးငယ်လေးများ လောလောဆယ်မှာ 'သာလိကာ'လေးများလို အဓိပ္ပာယ်မသိနိုင်ကြသေးငြားလည်း အာဂုံဆောင်ထားပြီးဖြစ်ရာ သိရှိလာချိန်တွင် ဘဝအတွက် တန်ဖိုးရှိရှိအသုံးချနိုင်ပါလိမ့်မည်။

စောစောထခြင်းသည် လူကိုမပြောနှင့် ကျေးငှက်လေးများတောင်မှ အကျိုးများနိုင်ကြောင်း စကားဥပမာ ကြားဖူး၊ မှတ်သားဖူးပါသည်။ "စောစောနိုးထသော ငှက်သည် ပိုးမွှားများကို များများဖမ်းယူစားသောက်၍ ရနိုင်၏"။ ညအမှောင်မှာ ပျော်မြူးကြသည့် ပိုးမွှားများ အပျော်လွန်ကာ လုံခြုံရာသိုက်မြုံသို့ မဝင်ရောက်မီ စောစောနိုးထတတ်သော ငှက်များ၏ အစာဖြစ်သွားရခြင်း။ စောစောနိုးထ တချို့ငှက်များကြောင့် ရှေးလူကြီးများဆုံးမစကား သားစဉ်မြေးဆက် ထားရစ်ခဲ့သည်။ "ငှက်ကျော်ကြီးကျော်မအိပ်ကောင်းဘူး၊ အသက်တိုတတ်တယ်၊ ငှက်မနိုးကြီးမနိုးခင် ထကြ"ဆိုစကား အကြောင်းမဲ့ မဖြစ်တန်ရာ။ ရောင်ဖြူပျို့အံစ၊ ထ။ ထိုအချိန် တိတ်ဆိတ်ငြိမ်သက်၊ လတ်ဆတ်သော လေနုအေးကလည်း တဖွေးဖွေးနှင့်။ အရှေ့ဘက် မိုးကောင်းကင်၏အလှကို ရှုစားရင်း မတ်မတ်ရပ်ကာ လေထုတ်လေရှူလေ့ကျင့်ခန်းကို ငါးမိနစ်ခန့်ပြုလုပ်ကြည့်ခြင်းဖြင့် ပေါ့ပါးလန်းဆန်းမှုကို ခမ္မခံဌာန်ခံစားရပါစေလိမ့်မည်။

နာရီ၊ မိနစ်၊ စက္ကန့် နေ့ညများနှင့် ဖွဲ့တည်ထားသော လူ့ဘဝသက်တမ်း၌ တစ်နေ့ဟူသည် လူတစ်ဦး၏ ဘဝတိုလေးတစ်ခု၊ အိပ်စက်အနားယူသည့် လူသားတစ်ဦးအတွက် ခဏာယာယီသေဆုံးခြင်းပြီးနောက် ဘဝသစ်တစ်ခု အစပြုရာနံနက်ခင်း၊ လန်းလန်းဆန်းဆန်းနှင့် မင်္ဂလာအတိရှိနေရမည့် နံနက်ခင်း။ ထိုအချိန် တစ်ခဏမှာ အကြောင်းအမျိုးမျိုးကြောင့် စိတ်ဆင်းရဲစရာကြုံတွေ့ရက စိတ်ကိုမထိန်းနိုင်၊ စိတ်လိုက်မာန်ပါ ဖြစ်ပွားရပြီဆိုပါလျှင် တစ်နေ့လုံးငူတူမှိုင်တိုင် စိတ်လက်မကြည်မသာနှင့် အရာရာမှာ အလိုမကျ ဒေါသလွှမ်းမိုးရှိနေပါလိမ့်မည်။

"နေ့တစ်နေ့တွင် ပထမဆုံးအကြိမ်ဖြစ်လာသော ဒေါသကို ချိုးနှိမ်လိုက်နိုင်ပါက သင်တစ်နေ့တာလုံး စိတ်ချမ်းသာနေလိမ့်မည်" ဟု အင်္ဂလိပ်စကားပုံတစ်ခုရှိသည်။ နံနက်ခင်းကိုဖြတ်သန်းရာတွင် သတိမူသင့်သည့်အချက် ဖြစ်သည်။

"စောစောထပါ၊ စိတ်ကို တစ်ခုတည်းမှာ အာရုံစုစည်းပြီး ၁၀မိနစ်ခန့်ငြိမ်သက်စွာတရားထိုင်ပါ။ တစ်နေ့တာမှာ စောစောထ၊ ကိုယ်လက်သန့်စင်သလို နာမ်ခန္ဓာအိမ်ကိုလည်း ကြိုတင်သန့်စင်ထားဖို့ အတိအကျလိုအပ်ပါကြောင်းသည် နှောင်းလူများသို့ အသိပေး စကားဖြစ်သည်။

သို့မှသာ ရုပ်ခန္ဓာကျန်းမာ၊ နာမ်ခန္ဓာချမ်းသာစွာဖြင့် တစ်နေ့တာဘဝခရီးကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှား ပေါ့ပေါ့ပါးပါးရှိနိုင်ပါလိမ့်မည်။ အနှစ်သာရပြည့်ဝသော ဘဝတိုတစ်ခုကို တည်ဆောက်ရယူနိုင်ပါလိမ့်မည်။

ယခုအခါ မိုးအကုန် ဆောင်းအကူး သာယာလှပ စပ်ကူးမပ်ကူးရာသီ၊ မပူမအေး သမမျှတကာလသို့ ရောက်ရှိလာပါပြီ။ မြို့ပြလမ်းမပေါ်မှာ စောစောထလမ်းလျှောက်နေကြသူများ တွေ့နေမြင်နေရပါပြီ။ အထူးသဖြင့် အသက်အရွယ်ရလာချိန် လမ်းလျှောက်ခြင်းသည် အသက်ရှည်ဆေးတစ်ရပ်ဖြစ်ပါသည်။ လူတစ်ယောက်၏ ဒုတိယနှလုံးဟု တင်စားထားသည့် ခြေသလုံးကြွက်သားများ သန်စွမ်းစေရေး ပုံမှန်လမ်းလျှောက်ပေးဖို့ အထူးလိုအပ်ပါသည်။

တစ်ချိန်က မြန်မာ့အသံမှ လွှင့်ထုတ်နေကျ နံနက်ချိန်ခါ တေးသံသာလေးတစ်ပုဒ် မကြားရတာ ကြာခဲ့ပါပြီ။ ဆီးဂိမ်းအကြိုမှာ ကြေးမုံမှ အမှတ်တရတင်ဆက်ပေးလိုက်ပါသည်။

"ကိုယ်ခန္ဓာသန်စွမ်းစေဖို့၊ စိတ်နှလုံးရွှင်လန်းစေဖို့၊ ပျော်ဖို့ရွှင်ဖို့ ကျန်းမာစေဖို့၊ စောစောအိပ်လို့၊ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့"ဟူသည့်အတိုင်း မင်္ဂလာနံနက်ခင်းများဖြစ်အောင် စွမ်းဆောင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ကာတွန်းကပြောသော လူ့အခွင့်အရေး ခေါင်းစဉ်ဖြင့် ကာတွန်းပြပွဲနှင့် ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

လူ့အခွင့်အရေးဆိုင်ရာ ကာတွန်းပြပွဲနှင့် ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပဏ္ဏိတဖွံ့ဖြိုးရေးအင်စတီကျုမှ ပွဲစီစဉ်သူကိုပြေငြိမ်း၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ကာတွန်းပြပွဲနှင့် ပြိုင်ပွဲအတွက် မြန်မာနိုင်ငံမှ ကာတွန်းပညာရှင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြပြီး ကာတွန်းပြိုင်ပွဲခေါင်းစဉ်မှာ "ကာတွန်းက ပြောသော လူ့အခွင့်အရေး"ဖြစ်ကာ ဝင်ရောက်ယှဉ်ပြိုင်သူတစ်ဦးလျှင် စိတ်ကြိုက်ကာတွန်းပုံ အများဆုံး(သို့မဟုတ်) အရောင်နှင့်လည်း စိတ်ကြိုက်ရေးဆွဲနိုင်ကြောင်း သိရပြီး ကာတွန်းများကို A3 ဆိုဒ် ၁၁ ဒသမ ၆၉ လက်မ × ၁၆ ဒသမ ၅၄ လက်မဖြင့် ရေးဆွဲယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ကာတွန်းများကို မူရင်းပုံဖြင့် ပေးပို့ရမည်ဖြစ်ပြီး ယှဉ်ပြိုင်သူ၏ ကိုယ်ရေးအကျဉ်း (အမည်ရင်း) ကိုယ်တိုင်ရေးဆွဲထားခြင်းဖြစ်ကြောင်း ကိုယ်တိုင်ကတိပြုစာပါရှိရမည်ဖြစ်ကာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် မည်သည့်ပုံနှိပ်မီဒီယာတွင်မျှ ဖော်ပြခံရခြင်းမရှိသောပုံများဖြစ်ရမည်ဖြစ်သည်။

ကာတွန်းပုံများကို ဝါရင့်ကာတွန်းဆရာကြီးများထံမှ အကြံပြုချက်များရယူ၍ မြန်မာနိုင်ငံ ကာတွန်းလောကမှ ဝါရင့်ကာတွန်းဆရာများကို ဒိုင်အဖွဲ့အဖြစ် ဆောင်ရွက်စေမည်ဖြစ်ကာ မျှတသော ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်အတွက် ပြပွဲရက် နောက်ဆုံးရက်မှသာ ဒိုင်အဖွဲ့ဝင်များ အမည်စာရင်းကို ကြေညာပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံများကို ပဏ္ဏိတဖွံ့ဖြိုးရေးအင်စတီကျုသို့ နိုဝင်ဘာ ၂၉ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ကာတွန်းပြပွဲနှင့် ပြိုင်ပွဲအတွက် ပေးပို့လာသည့် ကာတွန်းများမှ ကား ၅၀ ကို ဆန်ခါတင်အဆင့်အဖြစ် ရွေးချယ်ကာ ပဏ္ဏာမဆုငွေကျပ်တစ်သောင်းချီးမြှင့်မည်ဖြစ်ပြီး ထိုကားများထဲမှ ဒိုင်အဖွဲ့က ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်းနှင့် ဆုတံဆိပ်၊ နှစ်သိမ့်ဆု တစ်သိန်းဆု နှစ်ဆုတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရကာ ကာတွန်းပြပွဲနှင့် ပြိုင်ပွဲကျင်းပမည့် သတ်မှတ်နေရာကို မကြာခင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (စိုးဝင်း-MLA)

ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ် သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောဟူသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော် သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး)နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း-၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော်ဖွားမြင်တော်မူရာဌာနတွင် မယ်တော်မာယာဖွားတော်မူဟန်နှင့် ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန်ရုပ်တုတော်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူအများမှ အထက်ဖော်ပြပါ အလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန် ရွှေဈေး	၆၈၆၆၀၀	- ၆၈၇၅၀၀
မန္တလေး ရွှေဈေး	၆၈၆၂၀၀	- ၆၈၇၂၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၈. ၂
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၂. ၅၈
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၉. ၄၉
(င)	ထိုင်း	တစ်ဘတ်	= ၃၁. ၁၄၉
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၅. ၅၂
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၀၄
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၈၉. ၁၆
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၃၇၅
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၉. ၆၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



ရှေ့ဖုံးမှ

တိုးတက်စေရန်အတွက် အားပေးမြှင့်တင်ရန် နိုင်ငံတော်သမ္မတမှ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲခြင်းမရှိစေရန်၊ အဆိုပါဈေးကွက်များသို့ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အထောက်အကူပြုစီးပွားရေးကုန်ထုတ်လုပ်ငန်းများအဖြစ် အားပေးမြှင့်တင်ရန်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အရ စီးဝင်လာမည့်ကုန်စည်ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအား ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် အားပေးမြှင့်တင်ရန်၊ ငွေကြေးအရင်းအနှီးရရှိရေးအတွက် ဘဏ်များနှင့်ငွေချေးလုပ်ငန်းများ အားပေးမြှင့်တင်ကူညီပံ့ပိုးရန်၊ နည်းပညာနှင့် အရင်းအနှီးရရှိရေးအတွက် ပြည်တွင်းပြည်ပနိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အားပေးမြှင့်တင်ရန်၊ သတင်းအချက်အလက်နှင့်သုတေသနလုပ်ငန်းများမြှင့်တင်ပြီး အတားအဆီးအခက်အခဲများ ဖယ်ရှား၍လွယ်ကူချောမွေ့စေရန်အချက်များကို မူဝါဒအဖြစ်ခံယူပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်ပြုစုပြဋ္ဌာန်း ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပါကြောင်း။

လမ်းညွှန်ချက်နှင့်အညီ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း) ရေးဆွဲရေးဆပ်ကော်မတီဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်အဖွဲ့အစည်းနှင့် နိုင်ငံတကာဖွံ့ဖြိုးမှုအထောက်အကူပြုမိတ်ဖက်အဖွဲ့အစည်းတို့မှ ကျွမ်းကျင်သူ ပညာရှင်များပူးပေါင်း၍ နိုင်ငံတကာရှိအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဥပဒေများနှင့် နှိုင်းယှဉ်သုံးသပ်ပြီး နိုင်ငံတကာဥပဒေကျင့်ထုံးများနှင့်အညီ ရေးဆွဲခဲ့ပါကြောင်း၊ ယခုရေးဆွဲထားသည့် ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက်လည်း အမြန်ဆုံးဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

လက်ရှိမြန်မာနိုင်ငံ၏ SME လုပ်ငန်းများသည် အိမ်နီးချင်းအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အရေအတွက် အလွန်နည်းပါးပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်မှု နိမ့်ကျနေရခြင်းမှာ မြန်မာနိုင်ငံ၏ SME လုပ်ငန်းဆိုင်ရာ ဥပဒေရေးရာ ပံ့ပိုးကူညီမှုများ အားနည်းခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ထောင်ပြီးစက်မှုဇုန်များရှိ လုပ်ငန်းစုစုပေါင်း၏ ၉၉ ဒသမ ၄ ရာခိုင်နှုန်းမှာ SME လုပ်ငန်းများဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများသည် ၁၉၉၀ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေအရသာ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထိုဥပဒေပါ SME အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းသတ်မှတ်ချက်များသည် ပြောင်းလဲလာသော ခေတ်ကာလအခြေအနေနှင့် ကိုက်ညီဆီလျော်မှု မရှိတော့ပါကြောင်း၊ ယနေ့နိုင်ငံတကာ SME လုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည်လည်း နယ်ပယ်ကျယ်ဝန်းလာခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ မိမိနိုင်ငံနှင့် ကိုက်ညီဆီလျော်သည့် SME အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ယခုဥပဒေကြမ်းတွင် သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း။

SME လုပ်ငန်းများ ထူထောင်ရန်၊ တိုးချဲ့နိုင်ရန် လုပ်ငန်းမှတ်ပုံတင်ခြင်းကိုလည်း လွယ်ကူချောမွေ့စေရန်အတွက် ဖန်တီးပေးရန်လိုအပ်ပါကြောင်း၊ နယ်လှည့်မှတ်ပုံတင်အဖွဲ့များ ဖွဲ့စည်းလုပ်ဆောင်ခြင်း၊ လက်ရှိကွန်ရက်များဖြစ်သည့် စီးပွားရေးအဖွဲ့အစည်းများ၏ နယ်လုပ်ငန်းဌာနခွဲများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများကို အသုံးချကာ တစ်နေရာတည်းဝန်ဆောင်မှုဌာနများ ဖွင့်ပေးခြင်း၊ အင်တာနက်၊ အီးမေးလ်၊ တယ်လီဖုန်းစသည်တို့ကိုသုံး၍ အွန်လိုင်းမှတ်ပုံတင်ခြင်းများ လုပ်ဆောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းလိုင်စင် လွယ်ကူစွာရရှိရန် လိုအပ်ပါကြောင်း၊ ကွဲပြားခြားနားသည့် ဌာနမျိုးစုံအောက်တွင် ကွဲပြားခြားနားသော လိုင်စင်မျိုးစုံနှင့် အလုပ်လုပ်နေရသည့် SME များအားလုံး ပြတင်းတစ်ပေါက်တည်းနှင့် တစ်ခုတည်းသော ထီးရိပ်အောက်တွင် ရောက်စေလိုပါကြောင်း၊ မြို့ပြ SME များအတွက်သာမက ကျေးလက် SME များအတွက်ပါ ရည်ရွယ်လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း။

လုပ်ငန်းနေရာ လွယ်ကူသက်သာစွာရရှိရေးအတွက် လက်ရှိစက်မှုဇုန်များကို လေ့လာကာ သုံးသပ်မှုများဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ စက်မှုဇုန်များတွင် အခြေခံအဆောက်အအုံဆိုင်ရာ ထောက်ပံ့မှုများ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ပေးနိုင်သည့် ရင်းနှီးတည်ဆောက်သူ/လုပ်ငန်းလည်ပတ်ပေးသူ၊ စီမံခန့်ခွဲရေးကော်မတီများ စနစ်တကျ ထူထောင်ပေးထားရန် လိုပါကြောင်း၊ SME များအတွက် လွယ်ကူသက်သာမည့် စက်ရုံတိုက်ခန်းစနစ်များ ထူထောင်နိုင်ရေး ကူညီပေးရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း ပြည်ပ ဝယ်လိုအားများသည့် ကုန်ပစ္စည်းများ၏ ထုတ်လုပ်ရောင်းချမှုကွင်းဆက်ကြီးတစ်ခုလုံးကို လွှမ်းခြုံမိနိုင်သည့် Cluster Industries များထူထောင်ပေးရန် လိုပါကြောင်း၊ စက်မှုဇုန်များ၏ လက်ရှိထောက်ပံ့ပို့ဆောင်မှုစနစ်များ၊ လျှပ်စစ်မီးနှင့် ရေထောက်ပံ့မှုစနစ်၊ အစိုင်အခဲစွန့်ပစ်ပစ္စည်း၊ အရည်စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ်၊ ဆက်သွယ်ရေးနှင့် အင်တာနက်စနစ်၊ ဆိပ်ကမ်းနှင့် အဓိကဈေးကွက်ကြီးများသို့ ပို့ဆောင်ဆက်သွယ်မှုစနစ်များ ခိုင်မာကောင်းမွန်စေရန် အဆင့်မြှင့်တင်ပေးရန် ဖြစ်ကြောင်း။

ဘဏ္ဍာငွေကြေးအရင်းအနှီး လွယ်ကူသက်သာစွာရရှိရေးအတွက် အသေးစားချေးငွေလုပ်ငန်း၊ ချေးငွေအာမခံ ကော်ပိုရေးရှင်းများထူထောင်ခြင်း၊ ငှားဝယ်စနစ်များ စီမံပေးခြင်း၊ နှစ်ဆင့်ချေးငွေစနစ်၊ ကုန်သွယ်မှုချေးငွေ၊ ပြည်ပပို့ကုန်ချေးငွေများရရှိအောင် စီမံပေးခြင်း၊ မိုဘိုင်း Banking စနစ်ထူထောင်ခြင်းများ စဉ်းစားလုပ်ဆောင်ရန် ဖြစ်ပါကြောင်း။

ဈေးကွက်ဝင်ဆံ့မှုနှင့် ဈေးကွက်သတင်းရရှိစီးဆင်းမှုအတွက် SME Database ဖွံ့ဖြိုးတိုးတက်စေရန် အားပေးရမည်ဖြစ်ပါကြောင်း၊ SME မြှင့်တင်ရေး၊ ပုံမှန်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပြည်တွင်းရောင်းချသူနှင့် နိုင်ငံတကာဝယ်ယူသူများအကြား တွေ့ဆုံနှီးနှောနိုင်သည့် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်မှုစနစ် ထူထောင်ဖွံ့ဖြိုးစေရမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အထောက်အကူပြုစက်မှုလုပ်ငန်းများ ဖြစ်လာစေရန် အဆက်အစပ်များဖန်တီးပေးရမည်ဖြစ်ပါကြောင်း။

အကောက်ခွန်နှင့် ကုန်သွယ်ရေးလုပ်ထုံးလုပ်နည်းများ ပါးလျားကျစ်လျစ်ပေးရမည်ဖြစ်ပါကြောင်း၊ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ အရည်အသွေးမြှင့်တင်ရန် လိုအပ်သည့် သင့်တော်မှန်ကန်သောနည်းပညာများ လက်လှမ်းမီရရှိနိုင်ရန် လိုအပ်ပါကြောင်း၊ ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ ရောင်းအားကွင်းဆက် Supply Chains နှင့် အချိတ်အဆက် မိနေစေရမည်ဖြစ်ပါကြောင်း။

လူသားစွမ်းရည်မြှင့်တင်ရေးအတွက် ပြည်တွင်းပြည်ပနည်းပညာလေ့ကျင့်ရေးဌာန၊ နည်းပညာကောလိပ်များ ဖွင့်လှစ်နိုင်ရန် အလျင်အမြန်ခွင့်ပြုပေးရမည်ဖြစ်ပါကြောင်း၊ အဆိုပါဌာနများ၊ ကောလိပ်များမှတစ်ဆင့် တက္ကသိုလ်အဆင့်အထိတက်နိုင်မည့် စနစ်တစ်ရပ်ကိုလည်း ထူထောင်ထားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများ၊ အလုပ်သမားများ၏ စွမ်းရည်မြှင့်တင်ပေးရေးလုပ်ငန်းများတွင် ငွေကုန်ကြေးကျခံဆောင်ရွက်နေသည့် လုပ်ငန်းများအတွက်လည်း မက်လုံးများ ဖန်တီးပေးရန်လိုပါကြောင်း၊ ဥပမာအားဖြင့် HRD ကုန်ကျစရိတ်များအတွက် အခွန်လျှော့ကောက်ခြင်းမျိုးဖြစ်ပါကြောင်း၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့်စံချိန်စံညွှန်းဆိုင်ရာအပိုင်း၊ စာရင်းဇယားပြုစုသည့် အပိုင်း၊ နည်းပညာတိုးတက်မှုအပိုင်း၊ ဈေးကွက်ပြိုင်ဆိုင်မှုအပိုင်း၊ အခွန်အခများအပိုင်း၊ စာချုပ်ချုပ်ဆိုခြင်းအပိုင်း၊ ဆိုင်ရာနိုင်ငံများနှင့်ကုန်သွယ်မှုဆိုင်ရာလိုအပ်သည့်အပိုင်း စသည်တို့နှင့်ပတ်သက်၍ သင်တန်းများဖွင့်လှစ်ရာတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

SME ဖွံ့ဖြိုးတိုးတက်ရန် ဆက်လက်လုပ်ဆောင်သွားမည့်လုပ်ငန်းစဉ်များ၊ အရေးပါသည့်ခြေလှမ်းများ ခပ်သွက်သွက်လှမ်းနိုင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်အလိုက်တာဝန်ယူဆောင်ရွက်ပေးမည့် အစုအဖွဲ့များကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အဖွဲ့လိုက်ဆောင်ရွက်ကြမည့် လုပ်ငန်းစီမံချက်နှင့်အချိန်ဇယားများအတိုင်း အမြန်ဆုံးအကောင်အထည်ဖော်စေလိုကြောင်း၊ SME များမွေးဖွား၊ ရပ်တည်၊ ရှင်သန်၊ အားကောင်းလာစေရန် အရည်အသွေးအရရော၊ ဈေးနှုန်းအရပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ထုတ်ကုန်နှင့်ဝန်ဆောင်မှုများပေးဆောင်နိုင်စေရန် အားပေးမြှင့်တင်သွားကြပါဟု တိုက်တွန်းအပ်ပါကြောင်းဖြင့် အလေးအနက်ထား လမ်းညွှန်မှာကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၃)၏ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်က အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ(မူကြမ်း)နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက ကဏ္ဍအလိုက်ဖြည့်စွက်ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သမဝါယမတက္ကသိုလ်(သန်လျင်) အဆင့်မြင့်စာရင်းကိုင်သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၁

သမဝါယမတက္ကသိုလ်(သန်လျင်) အဆင့်မြင့်စာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း(၂/၂၀၁၃)ဆင်းပွဲကို အောက်တိုဘာ ၃၁ ရက် ညနေ ၃ နာရီတွင် သမဝါယမတက္ကသိုလ်(သန်လျင်)ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သမဝါယမတက္ကသိုလ်(သန်လျင်)ပါမောက္ခချုပ် ဒေါက်တာသိန်းထွန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ယင်းနောက် သင်တန်းထူးချွန် ပထမဆုရ ဒေါ်မြတ်သီဂီကျော်၊ ဒုတိယဆုရရှိသော ဒေါ်အိလဲ့နိုင်နှင့် ဒေါ်ရီလေးချို တတိယဆုရရှိသော ဦးအောင်ဝင်းနှင့် သင်တန်းဆင်း လက်မှတ်များကို သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိန်းထွန်း၊ ဒုတိယပါမောက္ခချုပ် ဦးဇော်မြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါ သင်တန်းသို့ သမဝါယမဦးစီးဌာန(ရုံးချုပ်)၊ ရောဝတီတိုင်းဒေသကြီး မွန်ပြည်နယ်နှင့် သမဝါယမတက္ကသိုလ်(သန်လျင်)တို့မှ သင်တန်းသားသင်တန်းသူ ၁၁၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၄ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(သန်းဝင်း-တညင်လေး)

ရှားပါးမျိုးစိတ်ဝင်မှ

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ ပူးပေါင်း၍ မန္တလေးနှင့် ဗန်းမော်မြို့ကြားဧရိယာတွင် ဧရာဝတီလင်းပိုင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နှစ်စဉ်လုပ်ဆောင်ခဲ့သည်။

လက်ရှိ ထိန်းသိမ်းရေးဧရိယာအဖြစ် သတ်မှတ်ထားသော မန္တလေးမြို့နှင့် ကျောက်မြောင်းမြို့ကြား ဧရိယာအဖြစ် သတ်မှတ်ထားသော ဧရိယာတွင် ဧရာဝတီလင်းပိုင် ၂၂ ကောင်ရှိမည်ဟု ခန့်မှန်းထားပြီး မန္တလေးမြို့မှ ဗန်းမောက်မြို့အထိ ဧရိယာတွင် ကောင်ရေ ၅၀ ကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကြည်မိုး၊ ပြင်ဦးလွင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမိုးနိုင်၊ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးမှ လက်ထောက်ဦးစီးမှူး ဦးဟန်ဝင်းနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ဦးကျော်လှသိန်းတို့အဖွဲ့သည် အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ မန္တလေး မရမ်းခြံဆိပ်မှ ရေယာဉ်ဖြင့် ဧရာဝတီလင်းပိုင်များထိန်းသိမ်းရေးကို သွားရောက်စစ်ဆေးကြည့်ရှုကာ စဉ့်ကိုင်ကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ခုနစ်ကောင်တွေ့ရှိရပြီး ရွာတန်းရှည် ကျေးရွာအနီးတွင် လင်းပိုင်သုံးကောင်တွေ့ရှိခဲ့ရသည်။ ဧရာဝတီလင်းပိုင် ကွင်းဆင်းစစ်ဆေးရေး အဖွဲ့ဝင်များသည် စဉ့်ကိုင်ကျေးရွာ အခြေခံမူလတန်းလွန်ကျောင်း၌ ကျောင်းသားကျောင်းသူ ၉၀ နှင့် ရွာတန်းရှည်မူလတန်းလွန်ကျောင်း၌ ကျောင်းသားကျောင်းသူ ၇၀ တို့အား တစ်ဦးလျှင် ဧရာဝတီလင်းပိုင်အသိပညာပေးမျက်နှာဖုံးပါ ဗလာစာအုပ်နှစ်အုပ်စီ လှူဒါန်းခဲ့ပြီး ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရန် ကျေးရွာပြည်သူများအား အသိပညာပေးဟောပြောပြီး ရွာတန်းရှည်ကျေးရွာတွင် ဧရာဝတီလင်းပိုင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးပညာပေး မြေစိုက်ပိုစတာစိုက်ထူခဲ့ကြောင်း သိရသည်။

ဧရာဝတီလင်းပိုင်များသည် လူသားများကဲ့သို့ နို့တိုက်သတ္တဝါများဖြစ်၍ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားခဲ့ကြပြီး ဧရာဝတီမြစ်ကို အစွဲပြု၍ ဧရာဝတီလင်းပိုင်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

ဧရာဝတီလင်းပိုင်များ လက်ပစ်ကွန်ရေလုပ်သားများနှင့် ပူးပေါင်း၍ ငါးဖမ်းဆီးခြင်းကို ကမ္ဘာမှ အထူးစိတ်ဝင်စားလျက်ရှိသည်။ လာရောက်လေ့လာသည့် နိုင်ငံခြားဦးရေ တိုးပွားလျက်ရှိပြီး လက်ပစ်ကွန်အသုံးပြုရေလုပ်သားများ၏ နေ့စဉ်လူနေမှုဘဝကို ထောက်ပံ့ပေးလျက်ရှိသည်။ တားမြစ်ထားသော ငါးဖမ်းပိုက်ကြီးများ၊ ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးခြင်းများကြောင့် လင်းပိုင်ကို ထိခိုက်သေဆုံးခြင်း၊ ယင်းတို့၏ အစားအစာ၊ ငါးသယံဇာတလျော့နည်းလာခြင်းများ ဖြစ်ပေါ်နေသည်။ ကျေးရွာပြည်သူများ စဉ်ဆက်မပြတ် ငါးစားသုံးနိုင်ရေးအတွက် စည်းကမ်း၊ နည်းလမ်းမှန်ကန်သည့် ငါးဖမ်းစနစ်များကို အသုံးပြု၍ လူသားအကျိုးသယ်ပိုးလျက်ရှိသော ဧရာဝတီလင်းပိုင်များကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

ကဒုံကနိကျေးရွာရှိဒီရေတော အပြောင်ခုတ်လှဲရောင်းစားခံရ

ဘိုကလေး နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာသည် ပင်လယ်ကမ်းစပ်တွင် တည်ရှိသောကြောင့် ပင်လယ်ပြင်မှ ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်နှင့် အလွန်နီးကပ်သည့် ဒေသဖြစ်သည်။ ၁၉၇၃ ခုနှစ်က ပင်လယ်ပြင်မှတက်လာသော လှိုင်းလုံးကြီးများ ယခုအခေါ် ဆူနာမီ လှိုင်းလုံးကြီးများကြောင့် ပျက်စီးဆုံးရှုံးမှုကို သင်ခန်းစာယူပြီး ၁၉၈၃ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ဒေသခံများ ပူးပေါင်းပြီး ကဒုံကနိကျေးရွာ၏ ပင်လယ်ဘက်အခြမ်းတွင် တည်ရှိသည့် ကဒုံကနိသစ်တောကြိုးဝိုင်းအကွက်အမှတ်(၇၅)ကို ဒီရေတော သစ်ပင်များ စိုက်ပျိုးထူထောင်ထားသည်။

ဒီရေတောများ၏ အကျိုးကျေးဇူးကြောင့် ၂၀၀၄ ခုနှစ်တွင် ကျရောက်ခဲ့သော ဆူနာမီလှိုင်းလုံးကြီးများ၏ ဘေးအန္တရာယ်နှင့် ၂၀၀၈ ခုနှစ် မေ ၂ ရက်က တိုက်ခတ်သွားသော နာဂစ်မုန်တိုင်းအန္တရာယ် ဘေးဆိုးကြီးကို ကြံ့ကြံ့ခံနိုင်ခဲ့ပြီး ကဒုံကနိကျေးရွာဒေသတွင် သေကျေပျက်စီးဆုံးရှုံးမှု မရှိသလောက်နည်းပါးခဲ့သည်။

ယခုအခါ ကဒုံကနိကျေးရွာ သဘာဝဘေးအန္တရာယ်အကာအကွယ် ဒီရေတောကြီးကို မသမာသူလူတစ်စုက ဦးဆောင်ပြီး အပြောင်ခုတ်လှဲရောင်းစားကြသဖြင့် ဧက ၃၀ ကျော်ခန့် ပြောင်တလင်းခါသွားသည်။ **(ဓာတ်ပုံ)**

ရွာသူရွာသားများ မခံမရပ်နိုင်ဖြစ်ပြီး သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြားခဲ့သော်လည်း တားဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ မပြုလုပ်သဖြင့် လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီသို့ တိုင်ကြားခဲ့သည်ဟု သိရပြီး အောက်တိုဘာ ၁၉ ရက်တွင် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များက ကဒုံကနိကျေးရွာသို့ ကွင်းဆင်းစစ်ဆေးရာ ဧက ၃၀ ကျော်ခန့် ပြောင်တလင်းခါနေသည့် ကွင်းကြီးနှင့် တရားမဝင် မီးသွေးဖိုကြီးနှစ်လုံးကို စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ ကဒုံကနိကျေးရွာတွင် လာဘ်ယူသူက ခေါင်းရှောင်၊ လာဘ်ပေးသူက အပြောင်ခုတ်၊ ကဒုံကျေးရွာ လေကာတောကြီးပြုတ်ခဲ့လို့ ကျန်ရှိသေးသည့် လေကာဒီရေတောများအတွက်ပါ စိုးရိမ်ပူပန်နေရပါကြောင်း ကျေးရွာဒေသခံများက ရင်ဖွင့်ပြောကြားသည်။

(ရာဟု-ဘိုကလေး)

အစ္စရေးလေတပ်မှ ဂျက်တိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ဆီးရီးယားကို အစ္စရေးလေကြောင်းမှ တိုက်ခိုက်

ဝါရှင်တန် နိုဝင်ဘာ ၁

ဆီးရီးယားနိုင်ငံ ဆိပ်ကမ်းမြို့ လာတာကီယာအနီးတွင် အစ္စရေးလေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးကပြောကြားသည်ဟု သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လက်ဘနွန် စစ်သွေးကြွအုပ်စု ဟစ်ဇ်ဘိုလာအဖွဲ့အတွက် ရည်ရွယ်ထားသည့် ရုရှားလုပ်ဒုံးကျည်များကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

လာတာကီယာမြို့သည် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်၏ အမာခံမြို့ဖြစ်ပြီး အာလာဝိုက်မျိုးနွယ်စုများနေထိုင်၍အရေးပါသောဆိပ်ကမ်းမြို့လည်းဖြစ်သည်။

ယခုနှစ်အတွင်း ယခုအချိန်အထိ ဆီးရီးယားနိုင်ငံကို အစ္စရေးတိုက်ခိုက်သည်မှာ အနည်းဆုံးသုံးကြိမ်ရှိပြီဟု သတင်းများက ဆိုသည်။

ဗုဒ္ဓဟူးနေ့မှ ကြာသပတေးနေ့အတွင်း ညအချိန်တွင် အစ္စရေးတို့က တိုက်ခိုက်ခြင်းဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူက ပြောကြားသည်။

ကြာသပတေးနေ့တွင် လာတာကီယာမြို့အနီး၌ ပေါက်ကွဲမှုများဖြစ်ပွားကြောင်း သတင်းများပျံ့နှံ့ခဲ့သော်လည်း မည်သည့်အကြောင်းကြောင့်ဟု ရှင်းလင်းစွာပြောကြားနိုင်ခြင်းမရှိပေ။

စနျူဘာဂျက်လက်ချ် နယ်မြေရှိ လေကြောင်းရန် ကာကွယ်ရေးစခန်းအတွင်းမှ ပေါက်ကွဲသံများကြားရကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာရေးအဖွဲ့က ပြောကြားသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ အစ္စရေးနှင့် ဆီးရီးယားနိုင်ငံတို့က မည်သို့မျှ သဘောထားထုတ်ပြန်မှု မရှိပေ။ **ဘီဘီစီ။**

ဂျီ-၂၀ ထိပ်သီးအစည်းအဝေး ခေါင်းဆောင်များအား လျှို့ဝှက်ထောက်လှမ်းမှုပြုခဲ့သည်ဆိုမှု ရုရှားငြင်းဆို

မော်စကို နိုဝင်ဘာ ၁

စိန့်ပီတာစဘတ်မြို့တွင် မကြာသေးမီက ကျင်းပခဲ့သော ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့များ၏ လျှို့ဝှက်အချက်အလက်များအား ရုရှားနိုင်ငံက စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့သည် ဆိုသည့် စွပ်စွဲချက်များနှင့် ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ငြင်းဆိုလိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အဓိက ပြဿနာ အစစ်အမှန်ဖြစ်သော အမေရိကန်နှင့် ဥရောပမဟာမိတ်များ၏ ဆက်ဆံရေးတွင် ဆိုးကျိုး သက်ရောက်နိုင်စေသည့် အချက်များကို ဖုံးကွယ်နိုင်စေရန် ယင်းသို့စွပ်စွဲချက်များ ထွက်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစွပ်စွဲချက်များမှာ မှန်ကန်နိုင်ခြင်းနှင့် သက်ရောက်မှုလုံးဝမရှိနိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်၏ ပြောကြားချက်ကို ကိုးကားလျက် အောက်တိုဘာ ၃၁ ရက်တွင် အာရ်အိုင်အေနိုဗော့စ်စတီ သတင်းဌာနက ထုတ်ပြန်သည်။

ဂျီ-၂၀ ထိပ်သီး အစည်းအဝေး ကျင်းပစဉ်အတွင်း ယင်းအစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့များ အသုံးပြုသော ကွန်ပျူတာနှင့်ဆဲလ်ဖုန်းများမှအချက်အလက်များအား စုဆောင်းခဲ့သည်ဟူ၍ အီတလီနိုင်ငံတွင် ထုတ်ဝေသည့် သတင်းစာတစ်စောင်၏ ဖော်ပြမှုကို တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း ပက်စ်ကော့ဗ်က ပြောကြားသည်။ **ဘီဘီစီ။**

အစားအစာအိတ်အတွင်း ဝှက်ထားသော အက်ဖီဒရင်းကို ဆစ်ဒနီလေဆိပ်၌ ဖမ်းဆီးရမိ

ဆစ်ဒနီ နိုဝင်ဘာ ၁

ဆန်အိတ်များနှင့် ခေါက်ဆွဲအိတ်များအတွင်း ဝှက်ထားသော မူးယစ်ဆေးဝါး တစ်မျိုးဖြစ်သည့် အက်ဖီဒရင်း ၂ ကီလိုကို ဆစ်ဒနီ လေဆိပ်၌ ဖမ်းဆီးရမိထားကြောင်း နိုဝင်ဘာ ၁ ရက် သတင်းတွင် ပြောကြားသည်။

အက်ဖီဒရင်းသည် သြစတြေးလျနိုင်ငံတွင်တားမြစ်ထားသောပစ္စည်းဖြစ်ပြီး ၎င်းကို ဆေးဝါးထုတ်လုပ်ရာတွင် သုံးစွဲလေ့ရှိသည်။

သြစတြေးလျအကောက်ခွန်အရာရှိများက နိုဝင်ဘာ ၁ ရက်တွင် ဗီယက်နမ်နိုင်ငံမှ ဆစ်ဒနီသို့လေကြောင်းခရီးဖြင့်ရောက်ရှိလာသည့် (၆၈)နှစ်အရွယ်အဘိုးအို၏ ခရီးဆောင်အိတ်များကို စစ်ဆေးခဲ့သည်။ ဆန်အိတ်နှင့် ခေါက်ဆွဲအိတ်များအတွင်း အညိုရောင်အမှုန့်များကို တွေ့ရှိခဲ့ပြီး ယင်းတို့မှာ အက်ဖီဒရင်းအဖြစ် စမ်းသပ်သိရှိရကြောင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။ **ဆင်ဟွာ။**

အမေရိကန်နှင့် မက္ကဆီကိုကြား မူးယစ်ဥမင်လိုဏ်ခေါင်း တွေ့ရှိ

ဝါရှင်တန် နိုဝင်ဘာ ၁

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုမြို့နှင့် မက္ကဆီကိုနိုင်ငံ တီဂွါနားမြို့တို့အကြားတွင် လျှပ်စစ်မီး၊ လေဝင်လေထွက်စနစ်နှင့် ရထားသံလမ်းတစ်လမ်းတို့ပါဝင်သည့် မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်သော ဥမင်လိုဏ်ခေါင်းကို တွေ့ရှိခဲ့ကြောင်း ဘီဘီစီက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ယင်းသို့တွေ့ရှိရာတွင် ဆေးခြောက် ရှစ်တန်ကျော်နှင့် ကိုကင်း ၁၄၇ ကီလိုဂရမ်တို့ကိုလည်း သိမ်းဆည်းရမိခဲ့သည်။

တည်ရှိ

မကြာသေးမီကမှ ပြီးစီးခဲ့သော အဆိုပါဥမင်လိုဏ်ခေါင်း၏ အရှည်နှင့် တည်နေရာအတိအကျကို အာဏာပိုင်များက ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။ သို့သော် မက္ကဆီကို မီဒီယာများကမူ တီဂွါနားမြို့ လေဆိပ်အနီးတွင် တည်ရှိသည်ဟု ဖော်ပြကြသည်။

၂၀၀၈ ခုနှစ်ကစ၍ အလားတူဥမင်လိုဏ်ခေါင်းများ တွေ့ရှိသည်မှာ ၇၅ ခု ကျော်သွားပြီဟုဆိုသည်။

အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနက ၎င်းဥမင်တွေ့ရှိမှုကို ကြာသပတေးနေ့တွင် ကြေညာခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်ရာတွင် အသုံးပြုသော ဥမင်လမ်းကို မက္ကဆီကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေကြစဉ်။

အီရတ်နိုင်ငံတွင် အောက်တိုဘာလအတွင်း လူ ၁၀၀၀ နီးပါး အကြမ်းဖက်ခံရ၍ သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁

အီရတ်နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ တစ်ဟုန်ထိုးတိုးတက်လာလျက်ရှိသဖြင့် အောက်တိုဘာလတစ်လအတွင်း သေဆုံးသူပေါင်း ၉၆၀ ကျော်ရှိပြီး လူထောင်ချီ၍ဒဏ်ရာရရှိကြောင်း၊ ၂၀၀၈ ခုနှစ်မှ ယခုအချိန်ထိ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် အောက်တိုဘာလသည် သွေးထွက်သံယိုမှုအများဆုံးလဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံရှိ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်ချက်စာရင်းဇယားများအရ အောက်တိုဘာလအတွင်း အရပ်သား ၈၅၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၆၅ ဦး၊ တပ်ဖွဲ့ဝင် ၄၄ ဦး အပါအဝင် လူပေါင်း ၉၆၄ ဦးသေဆုံးခဲ့ကြောင်း၊ ၁၆၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

တရုတ်နိုင်ငံ၏ လူဦးရေ မူဝါဒပြောင်းလဲမှုမရှိသေး

ပေကျင်း နိုဝင်ဘာ ၁

တရုတ်နိုင်ငံ၏ လူဦးရေမူဝါဒမှာ ပြောင်းလဲမှုမရှိသေးကြောင်း မိသားစုစီမံကိန်းကော်မရှင်၏ အဆိုအရ သိရသည်။

တရုတ်နိုင်ငံတစ်ဝန်းတွင် ဇနီးမောင်နှံများကြား လက်ရှိကျင့်သုံးနေသော ကလေးနှစ်ဦးသာ ယူခွင့်ရှိသည့် မူဝါဒကို လျှော့ချသွားဖွယ်ရှိကြောင်း ရည်ညွှန်းပြောဆိုမှုများနှင့် ပတ်သက်၍ အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင် ပြန်ကြားရေးဌာနက အွန်လိုင်းမှတစ်ဆင့် ငြင်းဆိုသွားခဲ့ကြောင်း ပေကျင်းတိုင်းမ်သတင်းစာက အောက်တိုဘာ ၃၀ ရက်တွင်ရေးသားဖော်ပြသည်။

ကော်မရှင်ပြောရေးဆိုခွင့်ရှိသူ ဒန်ဟိုင်ဟွာက နိုင်ငံ၏အခြေခံမူဝါဒဖြစ်သည့် မိသားစုစီမံကိန်းမူဝါဒကို လိုက်နာရန် လိုအပ်ကြောင်းနှင့် သင့်တော်သည့်ကာလတွင် ပြင်ဆင်လျှော့ချမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဩဂုတ်လအတွင်းက ပြောကြားခဲ့သည်။ ၁၉၇၀ ခုနှစ်ကာလများတွင် တရုတ်နိုင်ငံ၌ လူဦးရေထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် မြို့ပြတွင် နေထိုင်သည့် ဇနီးမောင်နှံများကြား ကလေးတစ်ဦးသာ ယူခွင့်ရှိပြီး ပထမကလေး မိန်းကလေးဖြစ်လျှင် နောက်ထပ်တစ်ယောက် ထပ်ယူခွင့်ပြုသည့် မူဝါဒကို စတင်ကျင့်သုံးခဲ့သည်။ ဆင်ဟွာ။

ကမ္ဘာ့ဩဇာအရှိဆုံးပုဂ္ဂိုလ်အဖြစ် ပူတင် သတ်မှတ်ခံရ

မော်စကို နိုဝင်ဘာ ၁

ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ကမ္ဘာ့ဩဇာအရှိဆုံးပုဂ္ဂိုလ်အဖြစ် ဖောဘီစ်မဂ္ဂဇင်းက ရွေးချယ်သတ်မှတ်လိုက်သည်။

အောက်တိုဘာ ၃၀ ရက်ထုတ် အမေရိကန်စီးပွားရေးမဂ္ဂဇင်း၏ အဆိုအရ ပူတင်သည် လွန်ခဲ့သည့်နှစ်ကထက် နှစ်နေရာခုန်တက်လာပြီး အမေရိကန်သမ္မတ ဘာရက် အိုဘားမားသည် နံပါတ်တစ်နေရာမှ နံပါတ်နှစ်နေရာသို့ လျော့ကျသွားခဲ့သည်ဟု ဆိုသည်။

ပူတင်က ရုရှားနိုင်ငံကို တည်တည်ငြိမ်ငြိမ်ဖြင့် ထိန်းကျောင်းဦးဆောင်နေချိန်တွင် အိုဘားမား၏ ဦးဆောင်မှုမှာ အားရကျေနပ်ဖွယ် အနေအထားမရှိခဲ့ကြောင်း၊ လူအများစောင့်ကြည့်လေ့လာနေသည့် ဆီးရီးယားအရေးကိစ္စ နိုင်ငံရေးအားပြိုင်ပွဲနှင့် အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ၏ သတင်းပေါက်ကြားမှုများမှာ ၎င်းတို့နှစ်ဦးကြား သိသာထင်ရှားသည့် ပြောင်းလဲမှုဖြစ်ကြောင်း ဖောဘီစ်မဂ္ဂဇင်းက ရေးသားဖော်ပြသည်။

ဖောဘီစ်မဂ္ဂဇင်း၏ ရွေးချယ်မှုသည် ကမ္ဘာ့ရေးရာကိစ္စများတွင် ရုရှားနိုင်ငံ၏ အနေအထားကို တုံ့ပြန်လိုက်ခြင်းဖြစ်ကြောင်း၊ ပူတင်နှင့် အိုဘားမားတို့၏ နေရာအပြောင်းအလဲသည် ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံရေးအခြေအနေတွင် ရုရှားနိုင်ငံ၏ အခန်းကဏ္ဍကို ပြသလိုက်ခြင်းဖြစ်ကြောင်း ရုရှားအောက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ အယ်ဇီ ပွတ်ရှ်ကော့ဗ်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသည်။ ဆင်ဟွာ။

ဗီယက်နမ် လူဦးရေ သန်း ၉၀ ပြည့်ပြီ

ဟန်ွိုင်း နိုဝင်ဘာ ၁

ဗီယက်နမ်နိုင်ငံ၏ လူဦးရေသည် နိုဝင်ဘာ ၁ ရက်တွင် သန်း ၉၀ ပြည့်မြောက်သွားပြီ ဖြစ်သည်။ ယင်းကဲ့သို့ ပြည့်မြောက်သွားခြင်းသည် ကမ္ဘာပေါ်တွင် (၁၄) နိုင်ငံမြောက် လူဦးရေအများဆုံးနိုင်ငံအဖြစ် ရပ်တည်လာပြီး အရှေ့တောင်အာရှတွင် တတိယမြောက်လူဦးရေအများဆုံးနိုင်ငံဖြစ်လာသည်။

၁၉၈၉ ခုနှစ် ကတည်းက ဗီယက်နမ်နိုင်ငံ၏ လူဦးရေကို သုတေသနပြုထားခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် သန်း ၉၀ ပြည့်မည်ဟု ခန့်မှန်းခဲ့သော်လည်း လွန်ခဲ့သည့်နှစ်များက မိသားစုစီမံကိန်း၏ အကျိုးသက်ရောက်မှုနှင့် လူဦးရေတိုးတက်မှုနှုန်းကျဆင်းသွားခြင်းကြောင့် မပြည့်ခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ လူဦးရေနှင့် မိသားစုစီမံကိန်းရုံး၏ ထုတ်ပြန်ချက်အရသိရသည်။

ဗီယက်နမ်နိုင်ငံ၏ နှစ်စဉ်မြင့်မားလာသောလူဦးရေတိုးတက်မှုနှုန်းသည် ၁၉၆၀ ပြည့်နှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၂ခုနှစ်တွင် ၁ ဒသမ ၀၆ ရာခိုင်နှုန်းသို့လျော့ကျသွားခဲ့ကြောင်း နှင့် မွေးဖွားမှုနှုန်းမှာလည်း ၁၉၆၀ ပြည့်နှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ၂၀၁၂ ခုနှစ်တွင် ၂ ဒသမ ၀၅ ရာခိုင်နှုန်းအထိ သိသိသာသာလျော့ကျသွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရသိရသည်။

လူဦးရေတိုးတက်လာမှုကြောင့် ဗီယက်နမ်နိုင်ငံတွင် သက်ကြီးရွယ်အိုမြင့်တက်လာမှု ပြဿနာများပြားလာသကဲ့သို့ ကျား၊မအချိုးမညီမျှမှုပြဿနာများကိုလည်း ရင်ဆိုင်နေရပြီဖြစ်သည်။ ယခုလောလောဆယ် ကျား၊မအချိုးမှာ ယောကျ်ားလေး ၁၁၂ ဒသမ ၃ တွင် မိန်းကလေး ၁၀၀ဖြစ်နေသည်။ ဗီယက်နမ်ပြည်သူတို့၏ ပျမ်းမျှသက်တမ်းမှာလည်း ၁၉၆၀ ပြည့်နှစ်တွင် နှစ် ၄၀ ရှိရာမှ ၂၀၁၂ခုနှစ်တွင် ၇၃နှစ်ထိတိုးလာခဲ့သည်။ ဆင်ဟွာ။

ဆီးချိုရောဂါကြောင့် ထိုင်းနိုင်ငံတွင် နှစ်စဉ် လူ ၈၀၀၀ သေဆုံး

ဗန်ကောက် နိုဝင်ဘာ ၁

ထိုင်းနိုင်ငံတွင် ဆီးချိုရောဂါကြောင့် နှစ်စဉ် ပျမ်းမျှ လူ ၈၀၀၀ သေဆုံးနေပြီး လူဦးရေ ၃ ဒသမ ၅ သန်းခန့်မှာ ဆီးချိုရောဂါခံစားနေရကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အောက်တိုဘာ ၃၁ ရက်ထုတ် ဗန်ကောက်ပို့စ်သတင်းစာ၏ အဆိုအရ ဖော်ပြပါကိန်းဂဏန်းများသည် ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ၂၀၁၂ခုနှစ်အတွင်း အသက် (၁၅)နှစ်အထက်ရှိ ထိုင်းပြည်သူများကို လေ့လာစစ်တမ်းကောက်ယူထားခြင်းဖြစ်သည်ဟု ဆိုသည်။

ကျန်းမာရေးဝန်ကြီး ပရာဒစ်စင်တော်နာရာဝေါင်က အချိုစားသုံးမှုများသည် ကလေးငယ်များနှင့် အဝလွန်သူများတွင် ဆီးချိုရောဂါဖြစ်ပွားမှုမြင့်တက်လျက်ရှိကြောင်း၊ ထိုရောက်သည့် တားမြစ်မှုမပြုလုပ်နိုင်ပါက နောင်လာမည့်ရှစ်နှစ်အတွင်း ဆီးချိုရောဂါခံစားရသူ အရေအတွက် ၄ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာမည်ဟု သတိပေးထားသည်။

အဆိုးဆုံးမှာ ရောဂါဖြစ်ပွားနေသူ သုံးပုံတစ်ပုံမှာ မိမိကိုယ်ကို ဆီးချိုရောဂါဖြစ်ပွားနေမှန်း လုံးဝမသိခြင်းပင်ဖြစ်ကြောင်း၊ အကျိုးဆက်အနေဖြင့် ဆီးချိုရောဂါဖြစ်ပွားနေသူ ၇၀ ရာခိုင်နှုန်းမှာ ၎င်းတို့၏ သွေးချိုအဆင့်ကို မထိန်းနိုင်ခြင်းနှင့် အများစုမှာ နှလုံးရောဂါဖြစ်ပွားလာခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ခြေလက်များဖြတ်တောက်ပစ်ရခြင်း၊ မျက်စိမမြင်ခြင်းနှင့် အခြားသော ဆိုးကျိုးသက်ရောက်မှုများ ခံစားနေရကြောင်း၊ နိုင်ငံတစ်ဝန်းဆီးချိုရောဂါသည်များကို ကုသရသည့် ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် ထိုင်းဘတ် ၄၇ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃ ဘီလီယံ) မြင့်တက်နေသည့်အတွက် ကာကွယ်တားဆီးရန် အလွန်အရေးကြီးလာကြောင်း ပရာဒစ်က ပြောကြားသည်။

ဆင်ဟွာ။

အောင်းနိုး
စုစည်းတင်ပြသည်

အိုလံပစ်ငွေစက္ကူသစ် ရုရှားထုတ်လုပ်

မော်စကို နိုဝင်ဘာ ၁

မကြာမီကျင်းပမည့် ဆိုချီဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲမတိုင်မီ ငွေစက္ကူအထူးထုတ်တစ်မျိုး ထုတ်လုပ်လိုက်ကြောင်း ရုရှားဗဟိုဘဏ်က အောက်တိုဘာ ၃၀ ရက်တွင်ထုတ်ပြန်ကြေညာသည်။

အဆိုပါ ၁၀၀ ရူဘယ်တန်(အမေရိကန်ဒေါ်လာ ၃ ဒသမ ၁) ငွေစက္ကူသစ်ကို အရွက်ရေ သန်း ၂၀ ရိုက်နှိပ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း ရုရှားဗဟိုဘဏ်က ပြောကြားသည်။ ပုံမှန်ရုရှားငွေစက္ကူများနှင့်မတူဘဲ အဆိုပါ ငွေစက္ကူသစ်ကို ဒီဇိုင်းဆန်းများဖြင့်ထုတ်လုပ်ထားသည်။ (၂၂)ကြိမ်မြောက် ဆောင်းရာသီ အိုလံပစ်ပွဲတော်ကို ရုရှားနိုင်ငံ ပင်လယ်နက်ကမ်းခြေ ဆိုချီမြို့၌ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၂၃ ရက် အထိကျင်းပသွားမည်ဖြစ်သည်။ ဆင်ဟွာ။

ဒီပါဝလီဆုတောင်းလွှာ

ဒီပါဝလီအခါသမယတွင် မြန်မာပြည်သူပြည်သားများအားလုံး
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး ကြီးပွားတိုးတက်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်။

MIBC

တစ်နေ့မှာ ကျွန်တော့်ထက်ရာထူးကြီးတဲ့မိတ်ဆွေနဲ့ စကားလက်ဆုံကျရင်း အကြိုးအကဲက သူ့ကိုပြောပါတယ်။ "ကျောင်းမှာ သူ့မြေးကို အလိုမလိုက်ပါနှင့်"တဲ့။ မိတ်ဆွေကလည်း အဲဒီကျောင်းက တာဝန်ရှိသူတွေကို လူကြီးရဲ့မြေးကလေးနှင့် ပတ်သက်လို့ မှာကြားတဲ့အတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ဖို့ ပြောခဲ့ပါတယ်။

ကျွန်တော့်သမီးကို မျက်နှာသာမပေးပါနှင့်

ဒေါက်တာအောင်သင်း (မိတ္ထီလာတက္ကသိုလ်)

အမျိုးသားလွှတ်တော်မှာ ကျင်းပတဲ့ အပြန်အလှန်ဆွေးနွေးပွဲမှာ မကွေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဦးဌေးမောင်က ပညာရေးနိမ့်ကျမှုမှာ မိဘများရဲ့ အခန်းကဏ္ဍ ပတ်သက်နေပုံကိုလည်း ဆွေးနွေးပါတယ်။ ဆရာ ဆွေးနွေးခဲ့တဲ့အထဲမှာ ပညာရေးနိမ့်ကျမှုမှာ လက်ဦးဆရာတွေရဲ့ သူတို့သားသမီးမျက်နှာသာရဖို့ ကျောင်းက ဆရာ ဆရာမတွေကို နည်းမျိုးစုံနှင့် ချဉ်းကပ်တာလည်း အကြောင်းတစ်ချက် ပါဝင်တယ်လို့ မြင်မိပါတယ်။ သူ့ကိုယ်တွေ့အရဆိုရင် မိတ်ဆွေတစ်ယောက်က သူ့ရဲ့ သမီးလေးဂုဏ်ထူးတန်းဝင်အောင် လုပ်ပေးပါတဲ့။ သူ့သမီးလေးကို အစိုးရဝန်ထမ်း လုပ်စေမှာလည်း မဟုတ်ပါ၊ ဂုဏ်ရှိချင်လို့ ပါတဲ့၊ လွဲမှားတဲ့ အကူအညီတောင်းတော့ မပေးခဲ့ပါ။ ကျွန်တော်တို့ရဲ့ တချို့သော ဆရာ ဆရာမတွေဘက်က အားနည်းပြီး ချဉ်းကပ်မှုကို လက်ခံ၊ တရားမျှတမှုမရှိတဲ့ မျက်နှာသာပေးမှုတွေဖြစ်လာတော့ ကလေးတွေဟာ ကိုယ်စွမ်း ဉာဏ်စွမ်းတွေ ကျလာပါတယ်၊ နောက်ဆုံးရလဒ်က ကျောင်းသား ကျောင်းသူ အရည်အသွေးကျလာတော့တာပါပဲတဲ့၊

တကယ်တော့ ကျွန်တော်တို့မိဘတွေ သတိထားပေးရမှာက မိမိရဲ့ "မိဘလောင်းရိပ်" ဟာ ကလေးပေါ် မမိုးစေရေးပါ၊ လောင်းရိပ်မိတဲ့ သစ်ပင်ဟာ ဖွံ့ဖြိုးမှု နှေးကွေးပါတယ်၊ မိဘလောင်းရိပ်မိတဲ့ ကလေးဟာလည်း ကိုယ်စွမ်း ကိုယ်စနည်းတတ်ပါတယ်။ သူများပေါ် မှီခိုလိုစိတ်ကြီးမားပါတယ်။ ကျောင်းထားတာကိုက ကလေးကို ကိုယ့်ခြေထောက်ပေါ် ကိုယ်မားမားမတ်မတ် ရပ်တတ်အောင်ပါ၊ ကိုယ့်အားကိုယ်ကိုးပြီး ဘဝပြဿနာများကို ဖြေရှင်းတတ်အောင် လေ့ကျင့်ပေးနေတာပါ၊ ဆရာ ဆရာမများဆီ ကလေးကို မအပ်လည်း အနန္တဂိုဏ်းဝင် ဆရာတွေမို့ ကိုယ့်အားကိုယ်ကိုးတတ်အောင် ကလေးတွေကို လေ့ကျင့်ပေးမှာပါ။ တချို့ ဆရာ ဆရာမတွေရဲ့ မျက်နှာသာပေးမှု၊ မပေးမှု လုပ်ရပ်ကြောင့် စိုးရိမ်ပူပန်ပြီး ချဉ်းကပ်ခဲ့တဲ့ အကျိုးတွေပါ။ ဆရာ ဆရာမအားလုံးတော့ အဲဒီလိုမဟုတ်ပါ၊

တကယ်တော့ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် "ဆုံးမပါဆရာ၊ မကျိုးပဲ့ရင် တော်ပါပြီ" လို့ မိဘတွေက ဆရာတွေထံ အပ်လေ့ရှိပါတယ်၊ မျက်နှာသာရဖို့ အပ်ခဲ့တာမဟုတ်ပါ။ သားသမီး လိမ္မာဖို့ပါ၊ မိမိသားသမီးလိမ္မာရင်၊ ထူးချွန်ရင်၊ အတန်းအကျိုးသယ်ပိုးရင်၊ ပေါင်းသင်းဆက်ဆံရေးကောင်းရင် အတန်းပိုင် ဆရာ သရာမတွေ သာမကတစ်ကျောင်းလုံးရှိ ဆရာ ဆရာမတွေပါ ဝိုင်းချစ်ကြမှာပါ၊ ခင်ကြမှာပါ၊ မျက်နှာသာပေးဖို့ မိဘက ဆရာ ဆရာမထံ တောင်းဆိုမယ့်အစား မိမိသား သမီး၊ သူ့ကိုယ်သူ မျက်နှာပွင့်လန်းအောင်၊ အတန်းသူ အတန်းသားတွေနှင့် ဘယ်လိုချစ်ခင်အောင် ကျောင်းနှင့် အတန်းကောင်းကျိုးနှင့် အတန်းဖော်အကျိုး ဘယ်လိုသယ်ပိုးရမယ် ဆိုတာတွေကို အိမ်မှာလည်း သင်ပေးရပါလိမ့်မယ်၊ သားတွေသမီးတွေ သူတို့သူငယ်ချင်းတွေနဲ့ ကျောင်းမှာ ပြဿနာဖြစ်တိုင်း မိဘက ဆရာ ဆရာမကို ဝင်တိုင်တာမျိုးတော့ မဖြစ်သင့်ပါ။

ကျွန်တော့်သူငယ်ချင်း ဂျာမန်မိခင် တစ်ဦးက သူ့သားနဲ့ပတ်သက်တာလေး ပြောပြတာလေးကို ပြန်လည်ဖောက်သည်ချပါရစေ၊ မိဘများရဲ့ ရပ်တည်မှု မှန်ကန်စေချင်လို့ပါ၊ ၂၀၀၁ ခုနှစ်လောက်ကပါ။ သူ့သားကျောင်းက ပြန်လာတော့ တံတောင်ဆစ်မှာ သွေးခြည်ဥနေတာတွေ့တော့ ဘာဖြစ်တာလဲမေးတဲ့အခါ သားက "ဒီတူရကီတွေ မိုက်ရိုင်းတယ်" ဆိုပြီး လိုတာမပြောဘဲ သူ့ခံစားချက်ကို ဖြေတော့ "အဲဒီလို မပြောရဘူးသား၊ သား ပြောတာကိုက ငါ့သားဟာ ရိုင်းသလို ဖြစ်နေပြီ၊ ဘာဖြစ်တာလဲပြောဦး"ဆိုတော့ သူ့အတန်းဖော် တူရကီကျောင်းသားက တွန်းလိုက်လို့ ခုံနဲ့တိုက်ပြီးဖြစ်တာတဲ့၊ ဒါနဲ့ အမေလုပ်တဲ့သူက "သူ့ကို သားက ရန်သွားစလို့လား" ဆိုတော့ "မင်းတို့ တူရကီတွေ မိုက်ရိုင်းလို့" ဟု ပြောမိလို့ပါတဲ့၊ "သားက အဲဒီလိုမပြောရဘူး၊ ဒါဆို သားလွန်တယ်၊ သားက သူများကို မခံချင်အောင် မပြောရဘူး၊ မနက်ဖြန် တောင်းပန်လိုက်လေ၊ မင်းသူငယ်ချင်းအတွက် အမေနေ့လယ်စာမုန့်ထည့်ပေးလိုက်မယ်။ ပြီးတော့ သူငယ်ချင်းကို ပြောလိုက်ပါ။ အမေကပါ တောင်းပန်တယ်လို့ ပြောလိုက်နော် သား"တဲ့။

ဒါနဲ့ နောက်တစ်နေ့ သားလုပ်တဲ့သူ ကျောင်းဝင်းထဲအဝင်မှာ နောက်ကနေ သူ့နာမည်ခေါ်သံကြားလို့ လှည့်ကြည့်တော့ ပြေးလာတဲ့ တူရကီအတန်းဖော်ကို တွေ့ရပြီး လှမ်းပြောတာက "မနေ့က မင်း တော်တော်နာသွားသလား၊ ငါ တောင်းပန်ပါတယ်"ဆိုပြီး ကိုင်လာတဲ့ အထုပ်တစ်ထုပ် လှမ်းပေးရင်း "အဖေနဲ့ အမေကလည်း တောင်းပန်တယ်ကွ၊ ငါ့ကိုလည်း အတန်းဖော်အချင်းချင်း ဒီလို မလုပ်ရဘူး၊ မင်းကို ဒီလိုမပြောနဲ့ သူငယ်ချင်း ဆိုရင်ပြီးတာကို၊ ဘာလို့ တွန်းရတာလဲဆိုပြီး ဆုံးမတယ်ကွ၊ နောက်ဆို ငါ ဒီလိုမဖြစ်စေရပါဘူး သူငယ်ချင်း" လို့ပြောတော့ ကျွန်တော့်သူငယ်ချင်းရဲ့သားက "ငါကလည်း မင်းမခံချင်တာကို ပြောမိတာကိုး၊ အမေကလည်း မင်းကို တောင်းပန်တယ်၊ ပြီးတော့ ငါ့အမေက လည်း မင်းအတွက် နေ့လယ်စာထည့်ပေးလိုက်တယ်" ဆိုတော့ "ဒီနေ့ စားစရာတွေ အများကြီး" ဟု ပြိုင်တူအော်ကာ သူငယ်ချင်း နှစ်ယောက် ကျောင်းခန်းထဲ လည်ပင်းဖက်ဝင်သွားကြတယ်၊ အဲဒီနောက် မိသားစုနှစ်စု အပြန်အလှန် ဖိတ်ကြား၊ ဝင်ထွက်ကြပြီး မိတ်ဆွေရင်းချာတွေ ဖြစ်သွားကြပါတယ်၊

ဖြစ်ရတဲ့အကြောင်းရင်းက အဲဒီတုန်းက နာဇီလက်သစ်အယူအဆရှိနေကြတဲ့ လူငယ်တစ်စုက တူရကီမိသားစု တစ်စုကို ရိုက်တဲ့ သတင်းကို ဖတ်ကြပြီး စာသင်ခန်းမှာ ပြောကြဆိုကြရင်း ကျွန်တော့်သူငယ်ချင်းရဲ့သားက အထက်မှာ ပြောသလို မခံချင်အောင် ပြောခဲ့မိလို့ပါ၊ ဒါပေမယ့် အဲဒီဖြစ်စဉ်မှာ နှစ်ဖက်အိမ်က မိဘတွေဟာ ကျောင်းမရောက်ခဲ့ပါ။ အိမ်ကနေပြီး ကျောင်းစာသင်ခန်း ငြိမ်းချမ်းအောင် ကူညီခဲ့ပါတယ်၊ မိမိသားတွေရဲ့ လွဲမှားနေတဲ့အရာကို နောင်မဖြစ်ရအောင် မိဘတွေကိုယ်တိုင်က သားရဲ့သူငယ်ချင်းတွေကို အပြန်အလှန်တောင်းပန်ကြပါတယ်။ အတန်းဖော်တွေနဲ့ ပေါင်းသင်းဆက်ဆံရေး၊ ကိုယ့်သားတွေ ပိုကောင်းအောင် လက်ဦးဆရာများက အိမ်ကနေ လေ့ကျင့်ပေးနေခြင်းပါ။

ကျွန်တော့်ရဲ့ ဆောင်းပါးခေါင်းစဉ်ဟာ ခေတ်သစ်သမိုင်းမှာ ထင်ရှားခဲ့တဲ့ ဆရာ၊ မိဘ၊ ကျောင်းသား သုံးဦးတို့ရဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးက ရခဲ့တဲ့၊ ဖခင်တစ်ဦးရဲ့ မှန်ကန်တဲ့ဘက်က ရပ်တည်တဲ့ စကားလုံးပါ။ ဖခင်က သူ့သမီးလေးကို ကျောင်းအပ်ပါတယ်၊ ဖခင်ဟာ ကြီးမားတဲ့တာဝန်ယူထားရလို့ အလုပ်မအားတဲ့အတွက် ကိုယ်တိုင်ကျောင်းကို သွားပြီး မအပ်နိုင်ပါဘူး၊ ဒါပေမယ့် ကျောင်းအုပ်ကြီးဆီ တရိုတသေစာလေးရေးပေးပြီး သမီးကို ကျောင်းပို့လိုက်ပါတယ်၊ စာထဲမှာတော့-

ဆရာကြီးခင်ဗျာ-

"ကျွန်တော့်မျက်နှာကြောင့် ကျွန်တော့်သမီးကို မျက်နှာသာမပေးပါနှင့်ခင်ဗျာ"တဲ့။ စာက အလွန်တိုပေမယ့် ဖခင်ရဲ့ ကြီးမားတဲ့ အမြော်အမြင်ကို ထင်ဟပ်နေပါတယ်၊ အဲဒီအခါမှာ ကျောင်းအုပ်ကြီးကလည်း ကျောင်းသူလေးရဲ့ဖခင်ထံ ပြန်စာရေးပေးလိုက်ပါတယ်၊

ပန်ဒစ်ကြီးခင်ဗျာ-

"လူကြီးမင်းရဲ့ မျက်နှာကို ထောက်ထားပြီး လူကြီးမင်းရဲ့ သမီးကို လုံးဝမျက်နှာသာမပေးပါ"တဲ့၊ အဲဒီလို ဖခင်ရဲ့ လောင်းရိပ်ဟာ ကျောင်းအထိ မပါလာဘဲ ကျောင်းကဆရာကလည်း မျက်နှာသာပေးမယ့်အစား တပည့်ကောင်းတပည့်မြတ်တစ်ယောက်ဖြစ်အောင် လေ့ကျင့်ပေးခဲ့ပါတယ်။ တော်၍ ရပ်တည်ချက် အသီးသီး မှန်ကန်တဲ့ ဖခင်နှင့် ဆရာကြီးကြောင့် နောင် နှစ် ၄၀ ခန့်ကြာလာတဲ့အခါမှာတော့ အမျိုးသမီးများကို နေရာပေးလေ့မပေးထ မရှိတဲ့ အိန္ဒိယနိုင်ငံရဲ့ ပထမဦးဆုံး၊ သက်တမ်းအရှည်ဆုံး၊ အအောင်မြင်ဆုံးနှင့် နောက်လည်း အကြိမ်ကြိမ်အရွေးခံရတဲ့ အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာခဲ့ပါတယ်၊ အာရှအမျိုးသမီးခေါင်းဆောင် အင်ဒီရာဂန္ဒီပါ။ သူ့ဖခင်က အိန္ဒိယနိုင်ငံ လွတ်လပ်ရေးဖခင်ကြီး "ဂျဝါဟာလာနေရူး" ပါ၊ ကျောင်းအုပ်ကြီးဆိုသူဟာ အာရှရဲ့ပထမဦးဆုံး စာပေနိုဘယ်ဆုရှင်"ရာဘင်ဒြာနတ်တဂိုး"ပဲ ဖြစ်ပါတယ်၊

ကျွန်တော်တို့ရဲ့ မိဘများ ကိုယ့်သားသမီးကို အစွမ်းကုန်ဖွံ့ဖြိုးစေချင်တယ်ဆိုရင် မိဘလောင်းရိပ်မမိကြပါစေနှင့်၊ ကလေးတွေမိဘ၊ ဘိုးဘွားလောင်းရိပ်ကင်းမှ ဖွံ့ဖြိုးမယ်ဆိုတာကို "နေရူး"လိုပဲ အမြော်အမြင်များစွာဖြင့် ဆောင်းပါးအစမှာ "သူ့မြေးလေးကို အလိုမလိုက်ပါနှင့်"ဟု ပြောခဲ့သူ အဘိုးကတော့ ကျွန်တော်တို့ရဲ့ လက်ရှိ သမ္မတကြီးပါ။ သမ္မတကြီးရဲ့ စကားဟာ မြန်မာနိုင်ငံသားကလေးတွေအားလုံးရဲ့ အနာဂတ်နှင့် ဆိုင်ပါတယ်လို့ မြင်မိပါတယ်။ ကျွန်တော်တို့ မိဘများကလည်း ကိုယ့်သား၊ ကိုယ့်သမီးရဲ့ ဘဝတစ်လျှောက်လုံး အောင်မြင်ဖို့အတွက် သမ္မတကြီးလို လိုက်နာကျင့်သုံးစေချင်ပါတယ်။ ထို့အတူ ဆရာများကလည်း ရပ်တည်ချက်မှန်ကန်တဲ့ "ခေတ်သစ် ရာဘင်ဒြာနတ်တဂိုး" ရဲ့ မျိုးဆက်သစ်ဆရာများဖြစ်ကြဖို့ လိုပါတယ်၊ ဒါမှသာ ကျွန်တော်တို့ရဲ့ ရင်သွေးလေးတွေ အနာဂတ်မှာ ထွန်းတောက်တဲ့ဘဝ ရောက်ကြမှာ၊ ။

ရွှေဆုများကိုလက်တွေ့ယူမည့်မြန်မာ့လက်ရွှေးစင် "မွေ့"အဖွဲ့

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်း၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (SEA Games) အကြို ဆန်းစစ်နိုင်ငံတကာဖိတ်ခေါ် "မွေ့"အားကစားပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ အိမ်ရှင် မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား နိုင်ငံများမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်၊

"မွေ့"အားကစားနည်းမှာ မြန်မာ့ရိုးရာလက်ဝှေ့အားကစားနည်းနှင့် ဆင်တူ၍ ကိုယ်အလေးချိန် ချိန်တွယ်ခြင်း၊ ဆေးစစ်မှုများပြုလုပ်ခြင်း ကိုယ်အလေးချိန်တူညီသော အားကစားသမားချင်းသာ ယှဉ်ပြိုင် ထိုးသတ်ရပြီး အမှတ်ပေးစနစ်ဖြင့် အနိုင်အရှုံး ဆုံးဖြတ်သော အားကစားနည်းဖြစ်သည်။

"မွေ့" အားကစားနည်းမှာ မြန်မာလူမျိုးတို့နှင့် မစိမ်းသော အားကစားနည်းဖြစ်ပြီး ရှေးယခင်ကပင် မြေပိုင်းဖြင့် ပေါင်တွင် ဆေးမင်ကြောင်ထိုး၊ ခါးတောင်းကျိုက်၍ မြန်မာလူမျိုးတို့ ဖွဲ့သတ္တိ အားမာန်အပြည့်ဖြင့် "ကြောက်ရှုံး"၊ "ကွဲရှုံး"၊ "သက်လုံရှုံး" သတ်မှတ်ကာ ပဝါမကျ၊ ရေမရှူစတမ်း ထိုးသတ် ယှဉ်ပြိုင် ခဲ့သော အားကစားနည်းဖြစ်သည်။

သို့ဖြစ်ရာ ဆန်းစစ်နိုင်ငံတကာဖိတ်ခေါ် "မွေ့"အားကစား ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်မှု အခြေအနေများကို "မွေ့"အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင် [အငြိမ်းစား၊ ဒု-ဗိုလ်မှူးကြီး အကြံပေး၊ အားကစားဝန်ကြီးဌာန]ကို မေးမြန်းခဲ့ရာ "ရိုးရာလက်ဝှေ့(မွေ့)ပြိုင်ပွဲကို SEA Games ပြိုင်ပွဲများမှ လက်ခံကျင်းပလေ့ရှိတယ်။ ထိုင်းရိုးရာလက်ဝှေ့ကို နိုင်ငံတကာပြိုင်ပွဲတွေမှာ ထည့်သွင်းကျင်းပခဲ့ခြင်းမရှိပါဘူး။ အရှေ့တောင်အာရှ (SEA Games) နိုင်ငံတွေအနေနဲ့ ရိုးရာလက်ဝှေ့အသွင်ဖြင့်သာ စတင်ခဲ့ပြီး ပြိုင်ပွဲကျင်းပမှာဖြစ်တယ်၊

(၂၇)ကြိမ်မြောက် ဆီးဂိမ်းမှာ အမျိုးသားပြိုင်ပွဲအတွက် အတန်း ကိုးတန်း၊ အမျိုးသမီးပြိုင်ပွဲအတွက် အတန်း ခုနစ်တန်း ထည့်သွင်းကျင်းပမှာဖြစ်ပြီး ယခု Pre SEA Games ပြိုင်ပွဲမှာတော့ အိမ်ရှင်မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား ခြောက်နိုင်ငံပါဝင်ယှဉ်ပြိုင်မှာပါ။ မြန်မာနိုင်ငံအနေနဲ့ ဒီပြိုင်ပွဲမှာ အမျိုးသား ငါးတန်း၊ အမျိုးသမီး နှစ်တန်း ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်တယ်"ဟု ပြောသည်၊

ဆက်လက်၍ လေ့ကျင့်မှုအခြေအနေများနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်(ပြည်ထောင်စုဗိုင်း)ပြိုင်ပွဲကို ပြုလုပ်ခဲ့ပြီး ပဏာမလူရွေးချယ်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံတွင် Joint Training တစ်လ သွားရောက်လေ့ကျင့်ခဲ့ပြီး ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း၊ "မွေ့" လက်ရွေးစင်အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ရှစ်ဦးကို ထိုင်းနည်းပြနှင့် မြန်မာနည်းပြများဖြင့် ပူးတွဲ၍ မနက်၊ ညနေ့ကြိမ် ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးထားကြောင်းနှင့် ယခု Pre SEA Games ပြိုင်ပွဲဝင်မှုအခြေအနေများကို လေ့လာသုံးသပ်ပြီး လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်လေ့ကျင့်ပြီး (၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် အနည်းဆုံး ရွှေငါးခုရရှိအောင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်၊ မည်သို့ပင်ဖြစ်စေ မြန်မာ့ရိုးရာလက်ဝှေ့နှင့် ယဉ်ပါးကျွမ်းကျင်နေပြီးဖြစ်သော မြန်မာ့လက်ရွေးစင် "မွေ့" အားကစားသမားများ အနေဖြင့် ပါဝါ အပြည့်ရှိသော ခွန်အား၊ ဖွဲ့သတ္တိ၊ သက်လုံ၊ လျင်မြန်ဖျတ်လတ်မှု၊ ကျွမ်းကျင်ပိုင်နိုင်သော သတ်လုံးသတ်ကွက်အခင်းအကျင်းများဖြင့် ထိုးသတ်ကာ နိုင်ငံတော်အတွက် "ရွှေ"ဆုများကို ရယူသွားမည်ဖြစ်ပါကြောင်း. . . . .၊

ပြည်သူ့လွှတ်တော်အစည်းအဝေး

နတ်မောက်မြို့နယ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ရှာဖွေတိုင်းတာဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် ဘေးအန္တရာယ်လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းထားခြင်း မရှိသေးသော်လည်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် နည်းပညာဆိုင်ရာ Technical Sub Committee၊ စံချိန်စံညွှန်းမီ ပစ္စည်းဖြည့်တင်းရေး Procurement Sub Committee နှင့် Accounting Sub Committee များ ဖွဲ့စည်းထားရှိပြီး သက်ဆိုင်ရာ ကော်မတီများ၏ ပူးပေါင်းကြီးကြပ်ကွပ်ကဲမှုဖြင့် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့တွင် သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ၏ **ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် ဖွဲ့စည်းခြင်းမပြုရသေးသော ဘေးအန္တရာယ်လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ** (Safety Management Committee)**ကို ဖွဲ့စည်းရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရေနံကုမ္ပဏီများသည် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ၊ မြန်မာနိုင်ငံ၏ ဥပဒေများ၊ နိုင်ငံတကာနှင့် လိုက်နာကျင့်သုံးလျက်ရှိသည့် ချမှတ်ထားသော မူဝါဒများနှင့် နည်းဥပဒေများကို လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ်းလွန်ရေနံကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား လုပ်ငန်းခွင်မဝင်မီ ကျန်းမာရေးစစ်ဆေးစေခြင်း၊ လုပ်ငန်းခွင်တွင် ကျန်းမာရေးအတွက် ဆရာဝန်တစ်ဦးခန့်ထားခြင်း၊ လုပ်ငန်းခွင်တွင် အန္တရာယ်ရှိမှုပြ အမှတ်အသားများထားရှိခြင်း၊ ပင်လယ်ပြင်ညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်သောအားဖြင့် စွန့်ပစ်အမှိုက်များအား အဆင့်အတန်းခွဲခြားကာ စနစ်တကျစွန့်ပစ်ခြင်း၊ အခြားအန္တရာယ်ရှိ ဓာတုပစ္စည်းများစွန့်ပစ်ခြင်းတို့ကို သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ဖြေကြားချက်နှင့်စပ်လျဉ်း၍ မေးခွန်းရှင်က"ဒုတိယဝန်ကြီးကတော့ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းတွေမှာ ဘေးအန္တရာယ်လုံခြုံစီမံခန့်ခွဲမှုကော်မတီ မဖွဲ့ရသေးပေမယ့် ဘေးအန္တရာယ်လုံခြုံရေးအတွက် နေ့စဉ်ဆောင်ရွက်နေတယ်လို့တော့ ပြောသွားတယ်။ တကယ်တမ်းတော့ နိုင်ငံတကာမှာ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီတွေကို ဖွဲ့ထားကြတယ်။ အဲဒါက အရေးကြီးတယ်လေ။ ကျွန်တော်တို့နိုင်ငံမှာလည်း အဲဒီကော်မတီကို အမြန်ဆုံးဖွဲ့စေချင်လို့မေးခဲ့တာပါ။ ဝန်ကြီးဌာနကလည်း အမြန်ဖွဲ့လိမ့်မယ်ထင်ပါတယ်" ဟု ပြောပြခဲ့သည်။

နတ်မောက် မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး၏ **ပြည်ပကုမ္ပဏီများအား ကုန်းတွင်းလုပ်ကွက်များ ချထားပေးရာတွင် နတ်မောက်မြို့နယ်ပါဝင်သင့်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အလေးထားဆောင်ရွက်ရန်** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက နတ်မောက်မြို့နယ်၏ အရှေ့ဘက်ခြမ်းတစ်ခုလုံးသည် ကုန်းတွင်းပိုင်းလုပ်ကွက်အမှတ် PSC-G(တောင်တွင်းကြီး)အတွင်း ကျရောက်လျက်ရှိပြီး ၆-၆-၂၀၁၂ ရက်တွင် PTTEP SA (ထိုင်း) (Petroleum Authority of Thailand Exploration and Production South Asia) ရေနံကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုပြီး အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက နတ်မောက်မြို့နယ်၏ အနောက်မြောက်ဘက်ခြမ်းသည် ကုန်းတွင်းပိုင်းလုပ်ကွက်အမှတ် RSF-3(ငွေးချို-ငရှန်တောင်)ကိုလည်း ၄-၄-၂၀၁၂ ရက်တွင် Petronas Carigali Myanmar Inc(မလေးရှား)ရေနံကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်စဉ်ကာလတွင် ဝန်ထမ်း(၂၃၉)ဦးကို အလုပ်အကိုင်ခန့်ထားပေးနိုင်ပါကြောင်း။

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး(၁၇)ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)

နတ်မောက်မြို့နယ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ရှာဖွေတိုင်းတာဆောင်ရွက်လျက်ရှိပြီး ၎င်းမှရရှိသော အချက်အလက်များပေါ်မူတည်၍ ရှာဖွေရေးတွင်းများ တူးဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီးပွားဖြစ်ရေနံနှင့် သဘာဝဓာတ်ငွေ့တွေ့ရှိပါက ဖွံ့ဖြိုးရေးစီမံကိန်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံနှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွမ်းကျင်မှုမလိုအပ်သောလုပ်ငန်းများတွင် မြန်မာနိုင်ငံသားများကိုသာ ခန့်ထားရန်၊ မြန်မာနိုင်ငံသားများ လုပ်ငန်းကျွမ်းကျင်မှုရှိရန်အတွက် သင်တန်းများပေး၍ နှစ်အလိုက် ခန့်ထားပေးနိုင်ရန် သက်ဆိုင်ရာကုမ္ပဏီများသို့ အကြောင်းကြားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

မေးခွန်းရှင် ဦးအောင်ကျော်စိုးက "ကျွန်တော်ကတော့ အကောင်အထည် မြန်မြန်ဖော်စေချင်ပါတယ်။ မြန်မြန်ဆောင်ရွက်လို့ အောင်မြင်တော့ တိုင်းပြည်နဲ့လူမျိုးအတွက် အကျိုးရှိပြီး နိုင်ငံအတွက် စီးပွားတိုးတက်တာပေ့ါ။ နတ်မောက်အနောက်ဘက်တစ်ခြမ်းလုံးကို ထိုင်းကုမ္ပဏီက ဆောင်ရွက်ပြီး မြောက်ဘက်ခြမ်းကို မလေးရှားကုမ္ပဏီနဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့လုပ်ငန်းက လုပ်မယ်လို့ပြောပါတယ်။ ဒုတိယဝန်ကြီးဖြေသွားတာကို ကျွန်တော့်အနေနဲ့ ကျေနပ်ပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၇)ခုမေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခုအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ပြတိုက်ဝင်ကြေးကောက်ခံခြင်းဖြင့် နိုင်ငံတော်ဝင်ငွေရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း

နေပြည်တော် နိုဝင်ဘာ ၁

ပြတိုက်ဝင်ကြေးကို တန်ဖိုးတစ်ခုမသတ်မှတ်ဘဲ ဝင်ကြေးကင်းလွတ်ခွင့်ပြုထားပါက ပြတိုက်များအပေါ် တန်ဖိုးထားမှု လျော့ကျစေနိုင်ပါကြောင်း၊ ထို့ပြင် လူသူမရွေး အလွယ်တကူဝင်ထွက်နိုင်မှုကြောင့် ပြတိုက်နှင့်

ယဉ်ကျေးမှု ဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်။

ပြတိုက်ပစ္စည်းများအတွက် လုံခြုံရေးအန္တရာယ်ရှိနိုင်ပါကြောင်း၊ထို့ကြောင့် သင့်တင့်လျောက်ပတ်သည့်နှုန်းထားကို သတ်မှတ်ပြီးကောက်ခံခြင်းဖြစ်ပါကြောင်းဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **ရှေးဟောင်းအမွေအနှစ် ပြတိုက်**(Museums) **များသို့ နိုင်ငံသားများအား အခမဲ့ဝင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဖွင့်လှစ်ပြသလျက်ရှိသည့် ပြတိုက်များအနက် အမျိုးသားပြတိုက် (ရန်ကုန်)နှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့တွင် ဝင်ကြေးအဖြစ် နိုင်ငံသားလူကြီးတစ်ဦးလျှင် (၅၀၀)ကျပ်၊ ကလေးတစ်ဦးလျှင်(၂၅၀)ကျပ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ရှေးဟောင်းသုတေသန ပြတိုက်များနှင့် ယဉ်ကျေးမှုပြတိုက်များတွင် ဝင်ကြေးအဖြစ် နိုင်ငံသားလူကြီးတစ်ဦးလျှင်(၂၀၀)ကျပ်၊ ကလေးတစ်ဦးလျှင်(၁၀၀)ကျပ်နှုန်းဖြင့် ပေးဆောင်စေလျက်ရှိပါကြောင်း၊ အနာဂတ်ရင်သွေးများ ဖြစ်သော ကျောင်းသား ကျောင်းသူများနှင့် သာသနာ့ဝန်ထမ်း သံဃာတော်များ၊ သီလရှင်များအား အခမဲ့ကြည့်ရှုလေ့လာခွင့်ပြုထားပါကြောင်း၊ အချို့သောနိုင်ငံများတွင်လည်း ရှေးဟောင်းအမွေအနှစ် ပြတိုက်များတွင် ဝင်ကြေးသတ်မှတ်ကောက်ခံလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြတိုက်များထိန်းသိမ်းခြင်းလုပ်ငန်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ ခွဲဝေချထားပေးလျက်ရှိရာ ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ပြတိုက်ဝင်ကြေးကောက်ခံခြင်းဖြင့် နိုင်ငံတော်ဝင်ငွေရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းရှာဖွေပေးခြင်း ဖြစ်ပါသဖြင့် ပြတိုက်များကို အခမဲ့ဝင်ခွင့်ပြုရန် အစီအစဉ် မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ကိုရယူအတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုးက "ဒီဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်းဟာ ထူးခြားတဲ့ဥပဒေကြမ်းပါ။ ဘာလို့လည်းဆိုတော့ ပို့ဆောင်ရေးကို အနည်းဆုံးနည်းလမ်း(၂)သွယ်နဲ့ လုပ်တဲ့ကိစ္စတွေမှာ အကျုံးဝင်ပါတယ်။ ဆိုလိုတဲ့သဘောက ရထားနဲ့သယ်လာတယ်။ ဆိပ်ကမ်းရောက်တော့မှ သင်္ဘောနဲ့ပို့တယ်။ အဲဒီလို ပို့ဆောင်ရေးလမ်းကြောင်း (၂)ခုသုံးရပါတယ်။

မြစ်ကြောင်းကနေပြီးတော့ ရေယာဉ်နဲ့သယ်လာတယ်။ မန္တလေးလိုမြို့ကြီးတွေရောက်မှ နယ်စပ်တွေကိုဖြန့်တယ်။ ဒါဆိုရင်လည်း ဘက်စုံပို့ဆောင်ရေးဥပဒေမှာ အကျုံးဝင်ပါတယ်။ ပို့ဆောင်ရေးနည်းလမ်းတစ်ခုတည်းကိုသုံးရင် အကျုံးမဝင်ပါဘူး။ ဒီဥပဒေရဲ့အဓိကအချက်က ကုန်စည်တွေ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးတဲ့အခါဒါတွေကိုလျော်ကြေးရဖို့နဲ့ ကုစားပေးဖို့ဖြစ်ပါတယ်။

အကြောင်းအမျိုးမျိုးကြောင့်ဆိုတဲ့နေရာမှာ ပို့ဆောင်သူရဲ့အမှားကြောင့်လည်းဖြစ်နိုင်ပါတယ်။ အဲ့ဒါဆိုရင်တော့ ထိုက်သင့်ထိုက်တန်တဲ့ လျော်ကြေးပေးနိုင်ဖို့အတွက် ဒီဥပဒေအရ တည်ထောင်ဖွဲ့စည်းမယ့် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခွင့်ရသူတွေဟာ အမေရိကန်ဒေါ်လာ ရှစ်သောင်းကို အာမခံကြေးအဖြစ်တင်ထားရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့အညီ စီးပွားရေးထွန်းသစ်စနိုင်ငံ ဖြစ်လာပါပြီ။ ဒါကြောင့် နိုင်ငံတကာနဲ့ ကုန်သွယ်ဆက်ဆံတဲ့အခါမှာ နည်းလမ်းတကျ၊ စနစ်တကျ ဆက်ဆံနိုင်ဖို့နဲ့ စနစ်တကျကုန်စည်တွေ တင်ပို့နိုင်ဖို့အတွက် ဒီဥပဒေပေါ်ပေါက်လာတာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ အကျိုးကို ဖော်ဆောင်ပေးနိုင်တဲ့ ဥပဒေလို့ပြောလို့ရပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးတွင် **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်း** တို့ကိုလည်း အတည်ပြုခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို နိုဝင်ဘာ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး။

ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ပေးပို့လာသော မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်ကို ညှိနှိုင်းကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ တက်ရောက်အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဦးဇော်မြင့်ဖေ၊ အတွင်းရေးမှူး ဦးစောလှထွန်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ထို့နောက် ဥပဒေကြမ်းတွင် သဘောထားကွဲလွဲသည့် အခန်း(၁) ပုဒ်မ ၂၊ အခန်း(၄) ပုဒ်မ ၁၅၊ အခန်း(၅) ပုဒ်မ ၂၁ ပုဒ်မခွဲ (က)တို့ကို အချက်တစ်ချက်ချင်းစီအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး သဘောတူညီချက်ရယူကာ သတ်မှတ်ချိန်အမီ အစီရင်ခံစာပြုစုတင်ပြနိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေ[ခံ...]
စင်ကာပူနိုင်ငံ အမျိုးသားတက္ကသို[လ်...]

နေပြည်တော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး[...]
ဥပဒေပါမောက္ခ Dr.Stanley Yeo ဦးဆောင်သော[...]
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်[...]
အခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ၊ ခုံရုံး[...]
ဥပဒေဆိုင်ရာ တရားစီရင်ရေးရာကိစ္စများကို မေးမြန်း[...]
အဆိုပါတွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြ[...]
ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

❖ မြန်မာကမ်ပိုမှ

ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ပြီး ဇွန်လနောက်ဆုံးပတ်တွင် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ခဲ့သည်။

ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော အင်ဒိုနီးရှားဖိတ်ခေါ် ကမ်ပိုပြိုင်ပွဲကို မြန်မာကမ်ပိုအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးလေးခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာကမ်ပိုအဖွဲ့အတွက် ပထမဆုံးရွှေတံဆိပ်ဆုများကို အမျိုးသမီး(၅၁)ကီလို အတိုက်ပြိုင်ပွဲမှ နန်းဆိုင်မိန်း၊ နှစ်ယောက်တွဲသရုပ်ပြပြိုင်ပွဲမှ အောင်နိုင်ထွန်းနှင့်နန်းဆိုင်မိန်းအတွဲတို့က ရရှိခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာကမ်ပိုအဖွဲ့မှာ ဆီးဂိမ်းအကြို ကမ်ပိုပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ကျင်းပခဲ့သည်။ မြန်မာကမ်ပိုအဖွဲ့မှာ ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးသုံးခုရယူကာ အောင်မြင်မှုရယူနိုင်ခဲ့သော်လည်း အကြီးမားဆုံးနစ်နာမှုမှာ အဓိကကစားသမားနန်းဆိုင်မိန်းပြိုင်ပွဲဝင်ရင်း ခြေသလုံးရိုးကျိုးသွားခဲ့ခြင်းဖြစ်သည်။ နန်းဆိုင်မိန်းမှာ ယခုအခါ ဒဏ်ရာသက်သာလာသောကြောင့် အပေါ့စားလေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်သော်လည်း ဆီးဂိမ်းတွင်ပါဝင်ကစားနိုင်ခြင်းရှိ၊ မရှိကိုအတည်မပြုနိုင်သေးပေ။

မြန်မာကမ်ပိုအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲဝင်ရန်အပြီးသတ်ကစားသမား ၃၄ ဦးကိုရွေးချယ်လိုက်ပြီဖြစ်ပြီး အမျိုးသား-သန်းဝင်း၊ သန့်ဇင်၊ ကျော်လင်းဦး၊ တေဇာဝင်း၊ စိုးဝဏ္ဏမျိုးထက်အောင်၊ အောင်ဆန်းချစ်၊ စိုင်းသာထက်အောင်၊ စိုင်းသီဟ၊ အောင်မျိုးပိုင်၊ ကျော်ဇင်ဝင်း၊ ကျော်သက်ပိုင်၊ မြတ်ဇော်၊ ထွန်းလင်းအောင်၊ အောင်နိုင်ထွန်း၊ သန်းတိုးအောင်၊ စိုးမိုးလွင်၊ တင်ဝင်းထွန်း၊ ဇော်ထက်နိုင်၊ အမျိုးသမီး-နန်းဆိုင်မိန်း၊ ထက်ထက်ဦး၊ ပိုမြာ၊ မေသက်ဇော်၊ ညိုမီနိုင်၊ နန်းခမ်းထွန်း၊ တင်တင်ဦး၊ ဟေလီစိုးလင်းဟန်၊ အေးအေးအောင်၊ ယဉ်မြင့်ဦး၊ စီးစီးလျာ၊ ထက်ထက်ဝင်း၊ အိဖြူမောင်၊ စင်မြတ်သီတာနှင့်ချယ်ရီဇော်တို့ ပါဝင်ကြသည်။

တောဆင်ရိုင်းဖမ်းမည့်အဖွဲ့ ဘိုကလေးသို့ရောက်ရှိ

ဘိုကလေး နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်ခွဲ မမွေးကွင်းကျေးရွာနှင့်ကညင်ကုန်းကျေးရွာအကြားရှိ ကျွန်းပေါ်တွင်တောဆင်ရိုင်းရောက်ရှိနေပြီး လူအချို့ကိုနင်းသတ်ခဲ့ကာ စိုက်ခင်းများကိုဖျက်ဆီးနေကြောင်း သိရှိရသည့် အတွက် မြန်မာ့သစ်လုပ်ငန်းဆင်ဖမ်းအဖွဲ့က ဘိုကလေးမြို့သစ်တောဌာနသို့ အောက်တိုဘာ ၃၁ ရက်က ရောက်ရှိလာသည်။ ထိုအဖွဲ့တွင် ဆင်ရိုင်းဖမ်းမည့်ဆင်ယဉ်များကို သင်္ဘောဖြင့်သယ်ဆောင်လာသည်ကို တွေ့ရသည်။(အပေါ်ပုံ)

အဆိုပါဆင်ရိုင်းများအား သစ်တောဌာန ဆင်ရိုင်းဖမ်းအဖွဲ့ကဖမ်းဆီးပြီးသဘာဝဘေးမဲ့တောသို့ ရွှေ့ပြောင်းပို့ဆောင်ပေးမည်ဖြစ်ကြောင်းသိရသည်။ ဌေးနိုင်(ဘိုကလေး)

မီးချောင်းတစ်ချောင်း တစ်နာရီစီ ချွေတာသုံးစွဲပါက ဓာတ်အား ၁၀၅ မဂ္ဂါဝပ် ချွေတာနိုင်မည်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ဓာတ်အားသုံးစွဲမှုမှစ၍ ဓာတ်အားခနှုန်းထားပြင်ဆင်ကောက်ခံမည်ဖြစ်ပါသည်။ ဓာတ်အားခနှုန်းထား ပြောင်းလဲကောက်ခံမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျင့်သုံးနေသော အလွှာလိုက် ကောက်ခံမှုစနစ်ဖြစ်ပါသည်။ World Bank, ADB,JICA စသည့် နိုင်ငံတကာအဖွဲ့အစည်းများက လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ကျစရိတ်ကို ကာမိသော ဓာတ်အားခနှုန်းထားဖြင့် ရောင်းချမှုဖြစ်ရန် လိုအပ်ကြောင်း၊ သို့မှသာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချမည့် ရင်းနှီးမြှုပ်နှံမှုများရှိလာမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၁၉၈၀ ခုနှစ်မှ ယနေ့အထိ ပြောင်းလဲတိုးတက်လာမှုအချိုးများအရ ကုန်ဈေးနှုန်းများသည် အဆတစ်ရာမျှ မြင့်တက်ခဲ့သော်လည်း ဓာတ်အားခ နှုန်းထားမှာ ယင်းတို့လောက်မြင့်တက်မှုမရှိခဲ့ပါ။ နိုင်ငံခြားတိုင်းပြည်များတွင် သုံးလတစ်ကြိမ်၊ လေးလတစ်ကြိမ်ခန့် ဓာတ်အားခနှုန်းထားသတ်မှတ်ချက်ကို ပြောင်းလဲကောက်ခံနေကြပါသည်။ ပြင်ဆင်ကောက်ခံသော အလွှာအလိုက်ဓာတ်အားခကောက်ခံမှုသည် အခြေခံလူတန်းစားအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်သလို ကျန်မီးသုံးစွဲသူများအနေဖြင့်လည်း မလိုအပ်သော သုံးစွဲမှုများကို ချွေတာခြင်းဖြင့် လက်ရှိ ဓာတ်အားခကျသင့်ငွေ ဝန်းကျင်သာရှိနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိမီးသုံးစွဲသူ ၂၆၂၆၈၆၀ ရှိရာ မီးသုံးသူတစ်ဦးစီလျှင် ၄၀ ဝပ်မီးချောင်းတစ်ချောင်းသုံးစွဲမှု တစ်နာရီချွေတာပါက ဓာတ်အား ၁၀၅ မဂ္ဂါဝပ် ချွေတာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ (မောင်ကြည်)

✳ ဂျပန်မှ

ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် စီမံကိန်းတစ်ရပ် ဆောင်ရွက်လျက်ရှိကြောင်း စွမ်းအင်သစ်နှင့် စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ပြောကြားသည်။

ဂျပန်နိုင်ငံနည်းတူ သက်ကြီးရွယ်အိုဦးရေ တိုးပွားလာနေသော ဥရောပနိုင်ငံများ၌ စက်ရုပ်များ ပိုမိုလိုအပ်လာသည်။ ဥရောပနိုင်ငံများသည် အဆင့်အတန်းမြင့်မားသော ဂျပန်စက်ရုပ်များကို ပိုမိုဝယ်ယူတင်သွင်းလာကြပြီး ဂျပန်နိုင်ငံ၏ နည်းပညာကို ပိုမိုအသိအမှတ်ပြုလာကြသည်။

ဂျပန်နိုင်ငံက ထုတ်လုပ်သော အကျော်ကြားဆုံး ဆေးဘက်ဆိုင်ရာစက်ရုပ်မှာ ခြေလက်အင်္ဂါသန်စွမ်းရေးအထောက်အကူပြု ခြေဆံလက်ဆံစက်ရုပ်ဖြစ်သည်။

ယင်းစက်ရုပ်သည် ရုပ်ပိုင်းအရ မသန်စွမ်းသူ သက်ကြီးရွယ်အိုများ လှုပ်ရှားသွားလာနိုင်စေရန် အထောက်အကူ ပေးနိုင်သည်။ စက်ရုပ်၌ တပ်ဆင်ထားသော အာရုံခံကိရိယာများကို သုံးစွဲသူကိုယ်တိုင်ထိန်းချုပ်ကာ လှုပ်ရှားသွားလာနိုင်ပြီး ခြေလက်များလှုပ်ရှားချိန်တွင် ကြွက်သားများမှ ထုတ်လုပ်သော လျှပ်စစ်လှိုင်းများက အချက်ပြစနစ်ကို လုပ်ဆောင်ပေးသည်။

ဥရောပနိုင်ငံများ၌ ခြေဆံ လက်ဆံစက်ရုပ်များ ပိုမိုအသုံးပြုလာစေရေးအတွက် ဈေးကွက်တိုးချဲ့သွားကြရန် ဂျပန်နှင့် ဂျာမနီနိုင်ငံတို့ သဘောတူညီချက်တစ်ရပ် ရရှိခဲ့ကြောင်း၊ ဥရောပသမဂ္ဂ(အီးယူ) နိုင်ငံများ၌ အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေသည် ၂၀၄၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းခန့် ပိုမိုတိုးတက်လာမည်ဟု စွမ်းအင်သစ်နှင့် စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ပြောကြားသည်။

✳ အင်းစိန်မှ

ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး၌ ရပ်ထားသော ၃၈/----- ကင်တာ(အဖြူ) ယာဉ်နှင့် ယာဉ်ပေါ်သို့တက်ရန် ပြင်ဆင်နေသည့်ကိုရွှေမြင့် (၂၅)နှစ် မိကျောင်းအိုင်ရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူအား တိုက်မိပြီးနောက် အငှားယာဉ်တစ်စီးအား ထပ်မံတိုက်မိကာ ဆက်လက်၍အရှိန်မထိန်းနိုင်ဘဲ မြဂန္ဓာမာဈေးရှေ့ အရောက်တွင် ယာဉ်ငါးစီးဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့သည်။

ထိုယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်ခုနစ်စီးပျက်စီးခဲ့ပြီး ယာဉ်တိုက်ခံရသူ ကိုရွှေမြင့်တွင် ဝဲပေါင်ဖူးရောင်စုတ်ပြဲ၊ ယာပေါင်ပွန်းစုတ်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် အင်းစိန်ဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက် ဆေးကုသလျက်ရှိပြီး ယာဉ်မောင်း အောင်လွင်ဟိန်း (စုံစမ်းဆဲ)မှာ အခင်းဖြစ်နေရာတွင် ယာဉ်အားထားခဲ့ကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဘုရင့်နောင်နယ်မြေရဲစခန်းက ယာဉ်(ပ) ၄၂/၂၀၁၃ ပုဒ်မ ၂၇၉/၃၃၈/၂၀၂ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဇော်ကြီး(ပဏ္ဍိတ)

○ အလောင်းတော်ကဿပမှ

ရွှေဘိုင်းမယ်ဆင်မကြီးမှ ဒုတိယမြောက်ဆင်ထီးတစ်ကောင်မွေးဖွားစဉ် ဆင်ထိန်းနှင့်ဆင်ဦးစီးဝန်ထမ်းများက အနီးကပ်ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ကြပြီး တိရစ္ဆာန်ဆေးမှူးဦးစီးအရာရှိ ဦးသောင်းရှန်ကိုခေါ်ယူကာ မွေးကင်းစဆင်ထီးငယ်လေးနှင့် မိခင်ဆင်မကြီးတို့၏ ကျန်းမာရေးကို စစ်ဆေးခြင်း၊ ကိုယ်ခန္ဓာအတိုင်းအတာ အချက်အလက်များကိုစစ်ဆေးတိုင်းတာထားကြောင်းသိရသည်။ မွေးကင်းစဆင်ထီးလေး၏ အမြင့်မှာ ၂ ပေ×၁၁ လက်မရှိပြီး ကျောအလျားမှာ ၃ ပေ×၄ လက်မ၊ ကိုယ်လုံးပတ်မှာ ၃ ပေ×၂ လက်မရှိကြောင်း သိရသည်။ ဆင်ထီးလေး၏လည်ပင်းလုံးပတ်မှာ ၂ ပေ×၉ လက်မ၊ နှာမောင်းအရှည်မှာ ၁ ပေ×၆ လက်မ၊ အမြီးအရှည်မှာ ၁ ပေ×၇ လက်မရှိပြီး ရှေ့လက်ဝန်းအကျယ်မှာ ၁ ပေ×၆ လက်မနှင့် နောက်ခြေဝန်းအကျယ်မှာ ၁ ပေ×၅ လက်မရှိကြောင်း၊ ငှက်ပျောကိုင်းကျောသဏ္ဌာန်နှင့် ဘုတ်မျက်လုံးသဏ္ဌာန်ရှိကာ အမြီးမှာတံခါးပိတ်အနေအထားဖြစ်ကြောင်း၊ ရှေ့ခြေချောင်းများမှာငါးချောင်း၊ နောက်ခြေချောင်းလေးချောင်းစီနှင့် နားအကြီးပိုင်ဆိုင်ကာ မန်ကျည်းပွေးအရောင်အရေပြားပိုင်ရှင် ဆင်ထီးကလေးဖြစ်ကြောင်း သိရသည်။ မျိုးဝင်းထွန်း(မုံရွာ)

မျှတတဲ့လက်ခုပ်သံ[...]

"မြန်မာ. . မြန်မာ. . မြန်မာ"ဟူသည့် ကြွေးကြေ[...]
သံတွေက တဖြည်းဖြည်း ကျယ်လောင်လာသည်[...]
ပထမတော့ ခပ်တိုးတိုးမျှသာ၊ လက်ခုပ်သံများသ[...]
လည်း တစ်ချက်ချင်းပေါ်ထွက်လာရာမှ တဖြည်[...]
ဖြည်းနှင့် ပိုမိုကျယ်လောင်လာသည်။ ကျဲပါးနေသ[...]
လက်ခုပ်သံများက ပိုမိုအားကောင်းသလို "မြန်မာ. [...]
မြန်မာ"ဟု တရစပ်အော်ဟစ်ကြွေးကြော်သံများ[...]
လည်း ကြားရသူတိုင်း ကြက်သီးမွေးညင်းထလော[...]
ဖွယ်ရာ ဟိန်းလျက် ပေါ်ထွက်လာ၏။ မိုးလုံလေ[...]
အားကစားကွင်း(ဝဏ္ဏသိဒ္ဓိ)အတွင်းမှာ အားပေးသံမျ[...]
ဆူညံနေသည့်အလျောက် အားပေးနေသူတို့၏ စိ[...]
လှုပ်ရှားတက်ကြွစွာ အားပေးနေမှုများက ဝတ်ကေ[...]
တမ်းကျေ သဘောမျိုးမဟုတ်မှန်းကို သွေးကြေ[...]
အတွင်းမှပင် ခံစားသိလိုက်ရသလိုလို။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်[...]
နေရာက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်[...]
(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစ[...]
ပြိုင်ပွဲအကြို ဆန်းစစ်ဂျူဒိုအားကစားပြိုင်ပွဲကျင်းပ[...]
နေရာတွင်ဖြစ်သည်။ မြန်မာ၊ လာအို၊ ဖိလစ်ပိုင်[...]
ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများမှ ပြိုင်ပွဲဝင်အားကစ[...]
သမားများစွာ အင်ပြည့်အားပြည့်ပါဝင်ယှဉ်ပြိုင်[...]
ကြသည့် အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းမှ အာ[...]
ကစားသမားများနှင့် အခြားနိုင်ငံများမှ ပြိုင်ပွဲဝ[...]
အားကစားသမားများ ယှဉ်ပြိုင်ကြသည့် ပွဲစဉ်များ[...]
မြန်မာပရိသတ်များ၏ အားပေးသံက ဘဝင်ညံနေတ[...]
ဖြစ်သည်။

"ဟေး. . မလောနဲ့"၊ "လက်ကိုအပေါ်တင်ထား[...]
"ဒီအတိုင်းထိန်းထား"၊ "ဒီမှာကြည့်. . ဒီလိုလုပ်ကွ[...]
စသည့် အသံဗလံများက ဂျူဒိုအတတ်ပညာ[...]
နားလည်တတ်ကျွမ်းသည့် ပညာရှင်ပရိသတ်များ[...]
အသံဖြစ်မှန်း သိရှိနိုင်သကဲ့သို့ လက်ခုပ်သံများနှင့်အဝ[...]
"မြန်မာ. . မြန်မာ"ဟု အော်ဟစ်အားပေးနေသည[...]
အသံများက မိမိနိုင်ငံနှင့် လူမျိုးအပေါ် ချစ်ခင်မြတ်နိုး[...]

သာစည်တွင် ခရီးသည်တင်ရထား ဘီးချော်မှုဖြစ်ပွား

မိတ္ထီလာ နိုဝင်ဘာ ၁

မိတ္ထီလာခရိုင် သာစည်မြို့နယ် ရေပူဘူတာနှင့် လယ်ပြင်ဘူတာအကြား မိုင်တိုင်အမှတ်(၃၄၅/၁၄)နှင့်(၃၄၅/၁၅)အကြားတွင် အောက်တိုဘာ ၃၁ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က အမှတ်(၁၄၇)အဆန် နေပြည်တော်-လွိုင်ကော် လူစီးရထား ဘီးချော်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ မီးရထား၏ တွဲအမှတ်-BDUF ၆၀၅၀၄ ဘီးအမှတ်(၁) အတွင်းကျ၊ ဘီးအမှတ်(၂) အပြင်ကျ၊ တွဲအမှတ် GDZV ၄၀၃၇၃ ဘီးအမှတ်(၃/၄)အတွင်းကျ၊ ဘီးအမှတ်(၅/၆)အပြင်ကျဖြစ်ပြီး မီးရထားဘီးချော်ခဲ့သော်လည်း ခရီးသည်များနှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ဟု ဆိုသည်။ မီးရထားဘီးချော်မှုကို ဒုကြီးကြပ်ရေးမှူး ဦးမြင့်ကြိုင်နှင့် ဝန်ထမ်း ၃၀ တို့က ပြုပြင်ဆောင်ရွက်ခဲ့ရာ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြုပြင်ပြီးစီးသဖြင့် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်ခန့်တွင် ခရီးကို ပုံမှန်အတိုင်း ဆက်လက်မောင်းနှင်ပြေးဆွဲကြောင်း သိရသည်။ (၅၇၉)

အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

စွယ်တော်ရိပ်ဖောင်ဒေးရှင်းမှ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာဟောင်းကြီးများ၏ ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲနှင့်ဂုဏ်ပြုပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ နိုဝင်ဘာ ၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ပါရန် ဖိတ်ကြားထားသည်။(ကြေးမုံ)

လက်ပံကွင်းရွာထိပ်ရှိ [...]

မြန်အောင်

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လက[...]
ယခုနှစ် မိုးရွာသွန်းမှုများသဖြင့် တံတားအလယ်တိုင်[...]

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအား စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်မှ ဥပဒေပါမောက္ခလာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းအား စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်မှ ဥပဒေပါမောက္ခ Dr.Stanley Yeo ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ၊ ခုံရုံး၏ဆောင်ရွက်ချက်များနှင့် စင်ကာပူနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးရာကိစ္စများကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းကျော်၊ ဒေါ်လှမျိုးနွယ်၊ ဦးမြသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျှတတဲ့လက်ခုပ်သံတွေနဲ့အတူ

အောင်နိုင်
(သတင်းစဉ်)

"မြန်မာ. . မြန်မာ. . မြန်မာ"ဟူသည့် ကြွေးကြော်သံတွေက တဖြည်းဖြည်း ကျယ်လောင်လာသည်။ ပထမတော့ ခပ်တိုးတိုးမျှသာ၊ လက်ခုပ်သံများသည်လည်း တစ်ချက်ချင်းပေါ်ထွက်လာရာမှ တဖြည်းဖြည်းနှင့် ပိုမိုကျယ်လောင်လာသည်။ ကျဲပါးနေသည့် လက်ခုပ်သံများက ပိုမိုအားကောင်းသလို "မြန်မာ. . မြန်မာ"ဟု တရစပ်အော်ဟစ်ကြွေးကြော်သံများကလည်း ကြားရသူတိုင်း ကြက်သီးမွေးညင်းထလောက်ဖွယ်ရာ ဟိန်းလျက် ပေါ်ထွက်လာ၏။ မိုးလုံလေလုံ အားကစားကွင်း(ဝဏ္ဏသိဒ္ဓိ)အတွင်းမှာ အားပေးသံများ ဆူညံနေသည့်အလျောက် အားပေးနေသူတို့၏ စိတ်လှုပ်ရှားတက်ကြွစွာ အားပေးနေမှုများက ဝတ်ကျေတမ်းကျေ သဘောမျိုးမဟုတ်မှန်းကို သွေးကြောအတွင်းမှပင် ခံစားသိလိုက်ရသလိုလို။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်း။ နေရာက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ဆန်းစစ်ဂျူဒိုအားကစားပြိုင်ပွဲကျင်းပရာ နေရာတွင်ဖြစ်သည်။ မြန်မာ၊ လာအို၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများမှ ပြိုင်ပွဲဝင်အားကစားသမားများစွာ အင်ပြည့်အားပြည့်ပါဝင်ယှဉ်ပြိုင်နေကြသည့် အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းမှ အားကစားသမားများနှင့် အခြားနိုင်ငံများမှ ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်ကြသည့် ပွဲစဉ်များကို မြန်မာပရိသတ်များ၏ အားပေးသံက ဘဝင်ညံနေတာဖြစ်သည်။

"ဟေး. . မလောနဲ့"၊ "လက်ကိုအပေါ်တင်ထား"၊ "ဒီအတိုင်းထိန်းထား"၊ "ဒီမှာကြည့်. . ဒီလိုလုပ်ကွ" စသည့် အသံဗလံများက ဂျူဒိုအတတ်ပညာကို နားလည်တတ်ကျွမ်းသည့် ပညာရှင်ပရိသတ်များ၏ အသံဖြစ်မှန်း သိရှိနိုင်သကဲ့သို့ လက်ခုပ်သံများနှင့်အတူ "မြန်မာ. . မြန်မာ"ဟု အော်ဟစ်အားပေးနေသည့် အသံများက မိမိနိုင်ငံနှင့် လူမျိုးအပေါ် ချစ်ခင်မြတ်နိုးစိတ်ဖြင့် အားကစားကို မြတ်နိုးသော၊ ရိုးသားစွာ အားပေးတတ်သော ပရိသတ်များ၏အသံဖြစ်မှန်း ခွဲခြားသိရှိနိုင်သည်။

သူတို့ချစ်ခင်အားပေးလိုသည့် အားကစားသမားကို မည်သည့်နိုင်ငံမှ အားကစားသမားပင်ဖြစ်စေ အော်ဟစ်အားပေးနေကြသည်မှာလည်း ပကတိ ချစ်ခင်နှစ်သက်ဖွယ်ရာအတိ။ မိမိတို့မြန်မာပရိသတ်၏ အားပေးသံများနှင့်အတူ အခြားနိုင်ငံမှ အားကစားသမားတစ်ဦး အောင်မြင်အနိုင်ရရှိသွားပါကလည်း လက်ခုပ်သံတွေက တော်တန်ရုံနှင့်မစဲ။ မှတ်မှတ်ရရ. . ထိုတစ်နေ့က မိမိတို့မြန်မာပရိသတ်တွေ မည်မျှညီညွတ်သည်၊ မည်မျှစည်းကမ်းရှိသည်၊ မည်မျှ နိုင်ငံချစ်စိတ် ပြင်းထန်သည်ဆိုခြင်းကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည်ကတော့ အမှန်။ ဆိုလိုသည်မှာ မိမိတို့လူမျိုးများသည် နိုင်ငံနှင့် လူမျိုးကို ချစ်ခင်မြတ်နိုးကြသည်မှာ လုံးဝငြင်းစရာမရှိ၊ သံသယဖြစ်ဖွယ်ရာမရှိပါ။ သို့သော် နိုင်ငံနှင့်လူမျိုးကို ချစ်သည်ဆိုရာတွင် လူမျိုးစွဲ စိတ်ဓာတ်ဖြင့် မျက်ကန်းမျိုးချစ်ဆန်သော စည်းမဲ့ကမ်းမဲ့ ပရိသတ်မျိုးအဖြစ်သို့ ရောက်မသွားရလေအောင် အားလုံးကိုယ်စီသတိထားကြရမည်ဖြစ်သည်။

မကြာမီကာလတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပတော့မည်ဖြစ်သည်။ ထိုသို့သော အခါသမယတွင်လည်း ယခုကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ဒြပ်ကို ချစ်ခင်လေးစားသော စိတ်ဓာတ်၊ မိမိနိုင်ငံ၏ ဂုဏ်ကျက်သရေကို ပိုမိုဝင့်ထည်တောက်ပစေလိုသော စိတ်ဓာတ်၊ ပြိုင်ပွဲတိုင်းတွင် မိမိနိုင်ငံ၏ အောင်လံလွှင့်ထူနိုင်ရေးအတွက် ယခုထက်ပိုမိုစည်းစနစ်ကျနစွာ အားပေးတတ်သည့် စိတ်ဓာတ်ရှိသော ပရိသတ်များအဖြစ် နိုင်ငံတကာမှ စောင့်ကြည့်နေကြသူအပေါင်းကို သိရှိနိုင်ကြစေရန် လိုက်နာစောင့်ထိန်း ဆောင်ရွက်သွားနိုင်ကြစေရန် အတွက် ရည်ရွယ်ရေးသားဖော်ပြအပ်ပါသည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကျယ်ကျယ်ပြန့်ပြန့်သိရှိရေး အနုပညာဆိုင်ရာပညာရပ်များဖြင့် လှုံ့ဆော်ထုတ်လွှင့်ဖော်ပြသွားမည်

ရန်ကုန် နိုဝင်ဘာ ၁

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရေးအတွက် အနုပညာဆိုင်ရာ ပညာရပ်များဖြင့် လှုံ့ဆော်ထုတ်လွှင့်ဖော်ပြရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ(**အပေါ်ပုံ**) ဗဟိုသန်းခေါင် စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး သန်းခေါင်စာရင်းမေးခွန်းများအပေါ် မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေးနှင့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကူညီနိုင်ရေးအတွက် စာပေ၊ ဂီတ၊ သဘင်အဖွဲ့အစည်းများက ပြည်သူလူထုအတွင်း အနုပညာဆိုင်ရာ ပညာရပ်များဖြင့် လှုံ့ဆော်ထုတ်လွှင့်ဖော်ပြပေးနိုင်ရေး ကိစ္စရပ်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး အခြားနိုင်ငံများ၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များအပေါ် ပြည်သူများ သိရှိနားလည်စေရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဗီဒီယိုပြသသည်။

ယင်းနောက် တက်ရောက်လာကြသည့် စာပေ၊ ဂီတ၊ သဘင်ပညာရှင်များက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် ပြည်သူများ မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေးနှင့် ပူးပေါင်းပါဝင်ရေးတို့အတွက် အနုပညာရပ်ဆိုင်ရာများဖြင့် လှုံ့ဆော်စည်းရုံးထုတ်လွှင့်ဖော်ပြနိုင်ရန် ဆောင်ရွက်သွားမည့်အစီအစဉ်များကို အကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၂၉၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် နိုဝင်ဘာ ၁

(၂၉၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ကို နိုဝင်ဘာ ၁ ရက်တွင် ကျင်းပရာ ထွက်ပေါ်လာသော ဆုကြီးများစာရင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီးတစ်ဆုကျပ်သိန်း(၁၅၀၀)
ခ-၈၆၅၅၄၈

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၁၀၀၀)
ဍ-၂၆၂၆၈၅

ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း(၅၀၀)
ဇ-၉၈၁၅၄၉

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၃၀၀)ဆု
ဇ-၈၆၇၈၃၈ ကခ-၅၀၁၁၉၁
ပ-၇၅၃၆၇၄

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ
ဂ-၆၈၂၆၈၀၊ ဂ-၆၅၁၈၀၈
ဏ-၅၀၅၈၅၇၊ ယ-၃၈၇၆၅၂
က-၆၁၂၇၁၈၊ ဏ-၆၉၀၈၆၆
န-၉၇၅၀၅၃

ကျပ်သိန်း(၁၀၀)ယူနစ်
(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ
မ-၂၃၉၅၆၈၊ င-၂၅၂၇၃၁
ရ-၉၈၇၇၁၀၊ ကခ-၃၄၇၃၆၅
ကခ-၃၇၁၈၀၅၊ ကက-၂၈၅၉၇၆
ယ-၉၀၈၅၈၃၊ ဍ-၉၃၂၄၆၇
ခ-၇၅၅၇၀၄၊ ဆ-၄၂၀၈၅၄
စ-၆၁၉၃၁၂၊ တ-၂၇၅၀၇၁
အ-၉၉၅၂၇၆၊ န-၈၃၈၃၅၂
စ-၉၂၈၀၉၃၊ စ-၆၄၂၅၂၂

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် အဆင့်မြင့်တွဲဆိုင်းအသစ်ထည့်သွင်းပြေးဆွဲ

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် အဆင့်မြင့်တွဲဆိုင်းသစ်တစ်ဆိုင်း ထည့်သွင်းပြေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ဘူတာကြီး၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် သတင်းမီဒီယာများတက်ရောက်ကြသည်။

ယခုစတင်ပြေးဆွဲသည့် တွဲသစ်ခြောက်တွဲပါ တွဲဆိုင်းသည် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)က အသစ်တည်ဆောက်ခြင်းဖြစ်ပြီး တွဲအားလုံးတွင် ဖိုင်ဘာထိုင်ခုံများ၊ စတီးလက်ကိုင်တန်းများ၊ ပန်ကာများ၊ မီးများ ပြည့်စုံစွာ တပ်ဆင်ထားသည်။ တွဲများအားလုံးသို့ တောက်လျှောက်ကူးသန်းသွားလာနိုင်ပြီး လက်မှတ်ခနှုန်းထားမှာ ခရီးသည်တစ်ဦးလျှင် ၃၀၀ ကျပ်၊ နိုင်ငံခြားသားတစ်ဦးလျှင် တစ်ဒေါ်လာနှုန်းကျသင့်မည်ဖြစ်ကာ စီးနင်းသူများ အထူးနှစ်သက်ကြကြောင်း သိရသည်။

အလားတူ မြန်မာ့မီးရထားက အသစ်တည်ဆောက်သည့် တွဲသစ်များ၊ ပြည်ပမှ ဝယ်ယူထားသည့် တွဲသစ်များကို ရန်ကုန်မြို့ပတ်အပါအဝင် လမ်းပိုင်းအားလုံး၌ စီမံချက်ချ၍ အစားထိုးအဆင့်မြှင့်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့မီးရထား)

လက်ပံကွင်းရွာထိပ်ရှိ မမြချောင်းကူးတံတား အလယ်တိုင်နိမ့်ကျ

မြန်အောင် နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လက်ပံကွင်းကျေးရွာထိပ်ရှိ မမြချောင်းကူးတံတားကြီးသည် ယခုနှစ် မိုးရွာသွန်းမှုများသဖြင့် တံတားအလယ်တိုင်မှာ နိမ့်ကျသွားခဲ့သည်။ (အောက်ပုံ)

အဆိုပါတံတားကြီးမှာ အင်ပင်-ညောင်ခြေထောက်သွား ကျေးရွာချင်းဆက်လမ်းပေါ်တွင်တည်ရှိပြီး မမြချောင်းကူးတံတားတစ်ခုဖြစ်သည်။ ယခုနှစ်တွင် မိုးများပြီး ချောင်းရေများ ပိုမိုကျသောနှစ်ဖြစ်သဖြင့် အဆိုပါချောင်းကူးတံတားကြီး၏ အလယ်တိုင်မှာ အောက်ဘက်သို့ နိမ့်ဝင်သွားခဲ့ကြောင်း၊ တံတားမှာ အသုံးပြု၍ ရနေသော်လည်း ကုန်များတင်ဆောင်သော ကားများအတွက် အန္တရာယ်ကြီးမားကြောင်း၊ ယင်းတံတားမှာ အင်ပင်-ညောင်ခြေထောက်သွား ပင်မလမ်းမကြီးပေါ်တွင် တည်ရှိသော တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ ယခုအခါ တံတားပေါ်သို့ သွားလာပါက ညွှတ်နေပြီဖြစ်ကြောင်း လက်ပံကွင်းကျေးရွာမှ ဒေသခံများက ပြောပြသည်။ နေဝင်းဇော်(မြန်အောင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၁၁-၂၀၁၃ (စနေနေ့)
[၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့(ဥပုသ်နေ့)]

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၄း၃၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
	-ဒုတိယနှစ်(ရူပဗေဒအထူးပြု) (သတ္တဗေဒ)
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
၈း၃၅	Business News
၈း၅၀	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ
၉း၀၀	ပြည်တွင်းသတင်း -ပျော်ရွှင်စေသောနေ့ရက်များ -"အာတာပူစီ"(အပိုင်း-၄) (မြင့်မြတ်၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ လှအိဠလီတင့်) (ဒါရိုက်တာ-မီးပွား)

အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

ကလေး နိုဝင်ဘာ ၁

ကလေးမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် မြို့နယ်ထွေ/အုပ် နေရှူရာခန်းမ၌ကျင်းပရာ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့ပေါ် ရပ်ကွက် ၁၉ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ သင်တန်းသားအရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားကာ ခရိုင်မီးသတ်ဦးစီးမှူး ဦးဌေးဝေက သင်တန်းဆင်းလက်မှတ်နှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သိန်းစိုး(ကိုယ်ပွား-ကလေး)

ပြည်တွင်းရေးရာ

မလှိုင်မြို့၌ နှမ်းအမှုန့်ကြိတ်စက်ရုံတည်ဆောက်

မလှိုင် နိုဝင်ဘာ ၁

မလှိုင်မြို့နယ်ရှိ နှမ်းစိုက်တောင်သူများ၏ ရေရှည်အကျိုးကြည့်ပြီး ရောင်းဝယ်ဖောက်ကားနိုင်ရန် မလှိုင်မြို့နှင့် တစ်မိုင်ခွဲခန့်ဝေးကွာသည် ခရိုင်ချင်းဆက်လမ်းဘေး ကံကြီးကျေးရွာအနီး၌ နှမ်းအမှုန့်ကြိတ် ပြီး တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချမည့်စက်ရုံတည်ဆောက်နေမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများကို ယင်းစက်ရုံမှ ဦးကျော်သူအောင် (အင်ဂျင်နီယာ) ဒါရိုက်တာအဖွဲ့ဝင် (၁)က မလှိုင်မြို့မှာ နှမ်းအမှုန့်ကြိတ်စက်ရုံကို ၂၀၁၃ ခုနှစ် အစပိုင်းက တည်ဆောက်ခဲ့တာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ရည်ရွယ်ချက်က ဒေသခံနှမ်းစိုက်တောင်သူများရဲ့ နှမ်းများကို ရန်ကုန်၊ မန္တလေး မြို့ကြီးတွေမှာ ပေါက်ဈေးအတိုင်း ပေးဝယ်မှာ ဖြစ်ပါတယ်၊ တစ်ဖက်တစ်လမ်းကလည်း ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်လမ်းများလည်းပေးနိုင်မှာဖြစ်ပြီး သီးနှံသုံးမျိုးဖြစ်တဲ့ နှမ်း၊ မြေပဲ၊ နေကြာကို အဓိကအမှုန့်ကြိတ်မှာဖြစ်ပြီး တောင်သူများအနေနဲ့ ရပ်ဝေးကို စရိတ်ကုန်ခံပြီး တင်ပို့ရောင်းချစရာမလိုတော့ဘူး။ "နှမ်းကုန်ကြမ်းမှ ကုန်ချောအထိ ပထမအဆင့်လျော့ပြီး နည်းပညာရှင်များက ကုန်ချောပို့ကုန်အဖြစ် ကြိတ်ရပါတယ်။

နှမ်းအမှုန့်ကုန်ချောထွက် လာတာနဲ့ ကျွန်တော်တို့ ကုမ္ပဏီမှတစ်ဆင့် တောင်ကိုရီးယားနိုင်ငံကို တင်ပို့ရောင်းချမှာဖြစ်တယ်"ဟုပြောသည်။

မလှိုင်မြို့နယ် ဝန်းကျင်ကျေးရွာများမှာ နှမ်း၊ မြေပဲ၊ နေကြာ စိုက်တောင်သူများသည် စရိတ်မကုန်ဘဲ ဈေးမှန်များရမည်ဖြစ်သည့်အတွက် ဝမ်းသာနေကြောင်းကြား သိရသည်။

(ကျော်ကျော်-မလှိုင်)

တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁

တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးယူထုတ်လုပ်နေခြင်းများကို သစ်တောဝန်ထမ်းများက ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက်တွင် ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်အတွင်း ရွှေလရောင်ကျွန်းအနီး၌ တရားမဝင် ကျွန်းခွဲသား ၈ ဒသမ ၂၈၆၂ တန်၊ အင်၊ သတီ၊ သစ်စေးခွဲသား ၁၁၅ ဒသမ ၇၇၉၆ တန် စုစုပေါင်း ၁၂၄ ဒသမ ၀၆၅၈ တန် တင်ဆောင်ထားသည့် မော်တော်နှစ်စင်းဖမ်းဆီးရမိပြီး သက်ဆိုင်သူ ကိုးဦးအား သစ်တောဥပဒေအရ အရေးယူထားသည်။

အလားတူ မုံရွာမြို့နယ်မှ သစ်တောဝန်ထမ်းများသည် အောက်တိုဘာ ၂၅ ရက်တွင် မုံရွာမြို့နယ် အလုံ(ကုန်း)ဘီနယ် ဒိုးဖိုတောင်တံတားအနီး၌ တရားမဝင် ပိတောက်ခွဲသားနှင့် အခြမ်း ၃ ဒသမ ၉၁၅၆ တန်ကို တင်ဆောင်သည့်ယာဉ်နှင့်အတူ ဖမ်းမိခဲ့သည်။

ထို့အပြင် မော်လိုက်ခရိုင်၊ ကသာခရိုင်၊ ကလေးခရိုင်နှင့် ခန္တီးခရိုင်တို့မှ သစ်တောဝန်ထမ်းများသည် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဟုမ္မလင်း၊ ပင်လည်ဘူး၊ ကလေးဝနှင့် ဖောင်းပြင်မြို့နယ်များမှ တရားမဝင် ကညင်၊ အင်၊ နော သစ်ခွဲသားနှင့် သစ်စုစုပေါင်း ၁၀၁ ဒသမ ၅၇၂၈ တန်ကို ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် မင်းကင်းမြို့နယ်တို့မှ သစ်တောဝန်ထမ်းများသည် အောက်တိုဘာ ၃၀ ရက်တွင် မင်းကင်းမြို့နယ် အင်တိုင်းကုန်းကြိုးဝိုင်း၊ မောက္ကတော်-အောင်ချမ်းသာသွားကားလမ်း (၆)မိုင်စခန်းနှင့် ယားရွာဆိပ်ကမ်းတို့မှ တရားမဝင်အင်သစ်လုံး ၁၆ ဒသမ ၁၅၂၆ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၆ ရက်တွင် ဖောင်ကြီး-ပဲခူးလမ်း ကြီးလေးကြီးလမ်း မိုင်တိုင် (၂၅/၄)နှင့် (၂၅/၅)အကြား၌ တရားမဝင် ကညင်ခွဲသား ၈ ဒသမ ၈၁၂၂ တန်ကို ယာဉ်နှစ်စီးနှင့်အတူ ယာဉ်မောင်းတစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦးနှင့် သစ်ပိုင်ရှင်သုံးဦးတို့အား ဖမ်းဆီးရမိ၍ သစ်တောဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်အိတ်များထောက်ပံ့

ရေတာရှည် နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးစီးမှူး ဒေါ်မြမြဝင်းတို့လိုက်ပါလာသော အဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ရေတာရှည်မြို့သို့ ရောက်ရှိလာခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်းအသီးသီးတွင် ရောက်ရှိနေသော ပြည်သူများအားတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လှူဒါန်းသော ဆန်အိတ် ၄၈၀ နှင့် ၁၉ ပြည်၊ ဆီပိဿာ ၁၁၉၄ ပိဿာ၊ အဝတ်အထည်များကို ရေတာရှည်မြို့နယ်အတွင်းရှိ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသော ပြည်သူများအတွက် ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ရေတာရှည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ တပ်နယ်မှူး ဗိုလ်မှူးကြီးဌေးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ကုသိုလ်ရှင်များ တက်ရောက်ခဲ့သည်။ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာအုပ်စု ၁၈ စု၊ မြေယာကွင်း ၅၂ ကွင်း၊ တောင်သူ ၂၁၈၂ ဦးပိုင်ဆိုင်သော မိုးစပါးလယ်မြေ ၇၄၄၉ ဧက ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။ (၅၇၈)

မန္တလေးမြို့တွင် ခေတ်မီဆိပ်ကမ်းသစ်တည်ဆောက်မည်

မန္တလေး နိုဝင်ဘာ ၁

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ကွန်တိန်နာဆိပ်ကမ်းသစ်တစ်ခုကို မန္တလေးမြို့၌ ဂျပန်နိုင်ငံ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေး ခေတ်မီကွန်တိန်နာဆိပ်ကမ်းကို မူလကဂေါဝန်ဆိပ်ကမ်းနှင့် ရှမ်းကလေးကျွန်းကြား မြေ ၃၁ ဒသမ ၃ ဧကတွင် တည်ဆောက်ရန် လျာထားပြီး အလျားပေ ၁၀၀၀ အကျယ် ၃၆ ပေရှိ ဆိပ်ခံတံတားပါဝင်ရာ တည်ဆောက်ပြီးချိန်တွင် တစ်နှစ်လျှင် တန် ၂၄၀၀၀၀ အထိ ကုန်တင်/ကုန်ချနှင့် ပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးနိုင်မည် ဖြစ်သည်။

မန္တလေးမြို့ ဧရာဝတီမြစ်ကမ်း ခေတ်မီဆိပ်ကမ်းသစ်တည်ဆောက်ရေးစီမံကိန်းမြေနေရာ ရွေးချယ်မှုအပေါ် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လေ့လာခြင်းနှင့်ပြည်သူများဆန္ဒသဘောထားခံယူပွဲကို အောက်တိုဘာ ၂၆ ရက်က မဟာအောင်မြေမြို့နယ် သံလျက်ဇော် အနောက်ရပ်ကွက် ရန်မျိုးလုံ ပေါ်တော်မူဘုရားဓမ္မာရုံ၌ ကျင်းပခဲ့သည်။

မန္တလေးမြို့တွင် လူဦးရေ ၁ ဒသမ ၄ သန်း နေထိုင်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဗဟိုဆက်သွယ်ရေးအဓိကကျသောမြို့ဖြစ်ရာ ခေတ်မီဆိပ်ကမ်းတစ်ခု လိုအပ်သည်။ မန္တလေးခေတ်မီဆိပ်ကမ်း တည်ဆောက်မှုကြောင့် ဧရာဝတီမြစ်အတွင်း မြစ်ကြောင်းပြောင်းလဲမှုမဖြစ်နိုင်သည့်အပြင် ရေစီးရေလာရေလမ်းကြောင်းပြောင်းလဲသွားမည် မဟုတ်ကြောင်း၊ ကနဦးတိုင်းတာရေးလုပ်ငန်းများ၊ ဒေသဆိုင်ရာအချက်အလက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာရေးလုပ်ငန်းများတွင် ကွင်းဆင်းဆောင်ရွက်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

သီဟကိုကို(မန္တလေး)

လူကုန်ကူးမှုပပျောက်ဖို့ တစ်မျိုးသားလုံးပါဝင်စို့

ပြည်တွင်းရေးရာ

တပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား ကူညီဆောင်ရွက်ပေး

ရေတာရှည် နိုဝင်ဘာ ၁

ရေတာရှည်မြို့နယ်တွင် အောက်တိုဘာ ၂၈ရက်မှစတင်၍ စစ်တောင်းမြစ်ရေကြီးမှုကြောင့် ဒေသတစ်ဝန်းရှိ ပြည်သူများ ရေဘေးဒုက္ခကြုံတွေ့ကြရသည်။

အောက်တိုဘာ ၂၉ရက်မှစတင်ကာ ရေတာရှည်မြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီးဌေးဝင်း ဦးစီး၍ နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်သားအင်အား ၁၆၀ ဖြင့် ရေတာရှည်မြို့အရှေ့ ကျွဲရိုင်းပြင်ကျေးရွာအုပ်စု၊ ဆင်ငွေကျေးရွာအုပ်စု၊ ရေနီမြို့အရှေ့ ဖေယျာသိမ်အုပ်စုအတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာများဝေငှခြင်း၊ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်းတို့ ကူညီလုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ) (၅၇၈)**

ထိုင်းခရီးသွားအဖွဲ့ ယာဉ်တန်းဖြင့် တောင်ကြီးသို့ လာရောက်လည်ပတ်

တောင်ကြီး နိုဝင်ဘာ ၁

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ ရောင်းချသည့် ခရီးသွားအစီအစဉ်တစ်ခုဖြစ်သော ယာဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လည်ပတ်သည့် ထိုင်းနိုင်ငံသား ၉၆ ဦး လိုက်ပါလာပြီး ယာဉ် ၂၆ စီးပါဝင်သော ခရီးသွားအဖွဲ့သည် အောက်တိုဘာ ၃၀ ရက် ညနေပိုင်းတွင် တောင်ကြီးမြို့သို့ ရောက်ရှိပြီး မြို့တွင်းဈေးဝယ်ထွက်ခြင်း၊ တန်ခိုးကြီးဘုရား စေတီပုထိုးများအား ဖူးမြော်ပြီး အေးသာယာဂေါက်ရီဆော့ဟိုတယ်၌ ညအိပ်ရပ်နားခဲ့သည်။ အဆိုပါအဖွဲ့သည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ ညောင်ရွှေခေါင်တိုင်ရေပူစမ်း၊ ကလောမြို့မှတစ်ဆင့် ပုဂံဒေသသို့ ပြန်လည်ထွက်ခွာသွားကြောင်း ရှမ်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အောက်တိုဘာ ၃၀ ရက်တွင် တောင်ကြီးမြို့ မြန်မာ့ခရီးသွားလုပ်ငန်းမှ မန်နေဂျာဦးဆောင်သည့် ယာဉ် ၁၆ စီးပါ BBC ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့သည် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝအလှရှုခင်းများ၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ခရီးသွားလုပ်ငန်းဆွဲဆောင်ရန်နှင့် အစီအစဉ်ထုတ်လွှင့်ပြသနိုင်ရေးတို့အတွက် တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်ခရီးစဉ် ရိုက်ကူးရေးထွက်ခွာသွားခဲ့ကြောင်းလည်း သိရသည်။ စက်တင်ဘာလအတွင်း ဟဲဟိုးလေဆိပ်မှ နိုင်ငံခြားဧည့်သည် ၃၀၇၁ ဦး၊ ယာဉ်ဖြင့် ၄၁၂ ဦး စုစုပေါင်း ၃၄၈၃ ဦး ဝင်ရောက်ခဲ့ပြီး ပြင်သစ် ၃၈၉ ဦး၊ အမေရိကန် ၂၇၁ ဦး၊ ဗြိတိန် ၂၆၅ ဦးဖြင့် အများဆုံးဝင်ရောက်လာခဲ့ကြသည်။ ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်များကြောင့် ခရီးသွားပိုမိုများပြားလာနိုင်ကြောင်း သိရသည်။ **(သရီးစတား-ဇလွန်သား)**

နတ်မဟုတ်ကြီးချောင်းတံတား ရာနှုန်းပြည့်တည်ဆောက်ပြီးစီး

အင်းတော် နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့အနောက်တောင်ဘက်သုံးမိုင်ခန့် ရွှေဘို-မြစ်ကြီးနားကားလမ်းမကြီးပေါ်၌ အထူးစီမံကိန်းအဖွဲ့(၂)အင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်းဦးဆောင်သော အဖွဲ့မှ တာဝန်ယူတည်ဆောက်လျက်ရှိသော နတ်မဟုတ်ကြီးချောင်းတံတားမှာ တည်ဆောက်ပြီးစီးပြီဖြစ်သောကြောင့် ဒေသခံများနှင့် ခရီးသွားပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာပြီဖြစ်ကြောင်း သိရသည်။

နတ်မဟုတ်ကြီးချောင်း တံတား **(အောက်ပုံ)** မှာ အင်းတော်မြို့နှင့် သုံးမိုင်ခန့်ကွာဝေးပြီး ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၁၃၆/၄) တွင် တည်ရှိကာ တံတားတည်ဆောက်ရန် မြေစမ်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဇွန် ၁ ရက်တွင် စတင်ခဲ့ပြီး RC ကွန်ကရစ်ရက်မတံတား အမျိုးအစားဖြစ်သည်။ ယာဉ်သွားလမ်း ၂၄ ပေနှင့် လူသွား လမ်းဝဲ၊ ယာနှစ်ပေခွဲစီရှိကာ စုစုပေါင်း ၂၉ ပေ ကျယ်ဝန်းသည်။ တံတားအခန်း (ပေ ၆၀) ခုနစ်ခန်းနှင့် တံတားအရှည်ပေ ၄၂၀ ရှိပြီး မြေပြင်မှ တံတားအမြင့် ပျမ်းမျှ ၁၀ ပေမြင့်ပြီး တံတားတည် ဆောက်ခြင်း လုပ်ငန်းမှာ ယခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ပြီးစီးသွားခဲ့သည်။ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များအား ဇူလိုင်လကုန်ပိုင်းမှစတင်ကာ ဖြတ်သန်းခွင့်ပြုပေးခဲ့ကြောင်း၊ ယာဉ်ကြီးများအား ချောင်းရေကြီးပါက ၄င်းရက်ပိုင်းမှ စတင်၍ ဖြတ်သန်းစေခဲ့ပြီး ယခုအခါတွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ နေ့ညရာသီမရွေး ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း၊ တံတားကုန်ကျမှုစုစုပေါင်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၁၁၀၀ ခန့် ကုန်ကျခဲ့ကြောင်း အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဇော်ဦးက ပြောကြားခဲ့သည်။

"တံတားကြီး ပြီးသွားတော့ ကျွန်တော်တို့ဒေသခံတွေ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအတွက် လွန်စွာတန်ဖိုးဖြတ်မရတဲ့ ပစ္စည်းတစ်ခု ရလိုက်သလိုခံစားရတယ်။ ကျွန်တော့်သမီးကျန်းမာရေးမကောင်းလို့ ဆေးရုံလာတက်တုန်းက ဒီချောင်းရေကြီးတာနဲ့ကြုံတယ်။ မိုးကရွာ၊ ချောင်းရေကကြီး၊ ကလေးကကျန်းမာရေးအခြေအနေက ဆိုးဆိုတော့ ရေလျော့အောင်စောင့်ရတယ်။ ရေလျော့ပြန်တော့ တွဲမယ့်ဆွဲမယ့်သူတွေကို အကူအညီတောင်းရတယ်။ အဲ့ဒီအခက်အခဲတွေ ပပျောက်ပြီး နေ့ညရာသီမရွေးသွားလာရေး လွယ်ကူသွားတာပေါ့"ဟု ကျောင်းကုန်းရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါတံတားမှာရွှေဘို-မြစ်ကြီးနားကားလမ်း အင်းတော်မြို့နယ်အတွင်း အခက်အခဲဆုံးဖြတ်ကျော်ရသော ချောင်းပေါ်တွင်တည်ဆောက်ထားခြင်းဖြစ်ပြီး မိုးရာသီရေကြီး၊ ရေလျှံချိန်တွင် ရေလျော့အောင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းကြရပြီး မစောင့်နိုင်ပါက ဆိုင်ကယ်၊ ကားပစ္စည်းများအား သယ်ပိုးသောအဖွဲ့များကို ငွေကြေးအဆမတန်ပေးကာ ဖြတ်ကျော်ကြရပြီး ကုန်ကျစရိတ်များ၊ ရေလျော့အောင်စောင့်ဆိုင်းကြရသောအချိန်များ လျော့နည်းပပျောက်သွားပြီး မန္တလေး၊ မုံရွာ၊ ရွှေဘို၊ မြစ်ကြီးနားမြို့များသို့ ကုန်စည်စီးဆင်းမှုနှင့် သွားလာရေးအဆင်ပြေချောမွေ့လာပြီဖြစ်ကြောင်း သိရသည်။

(မောင်ချစ်လင်း)

အိမ်ရောင်းမည်

၂၇'×၆၀' ကန်ထရိုက် ဆောက်ရန်အသင့်
သိန်း(၈၀၀) (၂)ရပ်ကွက် မ/ဥက္ကလာ
ဖုန်း-၃၆၀၁၂၇၃၁၊ ၄၂၁၁၂၅၂၅၂



ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၉-၂၀၁၃ ရက်နေ့စွဲပါ ကြော်ငြာစာမျက်နှာ(ဇ)တွင် ပါရှိသော ကန့်ကွက်နိုင်ပါသည်ကြော်ငြာတွင် အရောင်းအဝယ်ပြုအိမ်အမှတ် (၇၄၇ -က)၊ ကောလိယ ၂၁ လမ်း၊ (၁၃)ရပ်ကွက်၊ တ/ဥက္ကလာဟု ကြော်ငြာထားခဲ့ပါသည်။ အမှန်မှာ အိမ်အမှတ် (၄၇၄-က)၊ ကောလိယ ၂၁ လမ်း၊ (၁၃)ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ် ဖြစ်ပါသည်။
ဒေါ်ခင်အေးတင့် ဖုန်း-၀၉ ၃၁၁၂၄၀၅၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/မာန်ပြေ၊ မြေကွက်အမှတ်(၄၅၈)၊ မြေကွက်တည်နေရာအမှတ် ၄၅၈၊ မာန်ပြေ ၁၁ လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်ကျင်မြ) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်မြ [၁၂/သကတ(နိုင်)၁၀၈၂၀၉]မှ ဂရန်မူရင်း ပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆရာကြီးပီမိုးနင်း နှစ်(၁၃၀)ပြည့် အထိမ်းအမှတ် စာရေးဆရာများဦးစီးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၅ ရက်သည် ဆရာကြီးပီမိုးနင်း၏ နှစ်(၁၃၀)ပြည့်ဖြစ်သည်။ နှစ်(၁၃၀)ပြည့် အထိမ်းအမှတ်အဖြစ် သတင်းစာဆရာများ၊ စာရေးဆရာများနှင့် ဇာတ်ညွှန်းရေးဆရာများ သာမက စာပေ၊ ရုပ်ရှင်ပညာရှင်များ စုပေါင်း၍ စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲများကျင်းပလျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီခန်းမ၌ စာရေးဆရာများဦးစီး၍ ပီမိုးနင်းနှစ်(၁၃၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဆရာမြေနီသစ္စာ (မြန်မာ့အလင်းအောင်သန်း)က "ဆရာကြီးပီမိုးနင်းဟာ စာပေ၊ စာညွှံကို မရေးခဲ့၊ တိုင်းပြည်ကို မလှည့်ဖြားခဲ့၊ နယ်ချဲ့လက်အောက်ကာလဖြစ်သော်လည်း နယ်ချဲ့လက်ပါးစေ၊ သွေးစုပ်ချယ်လှယ်သူများ၊ အမျိုးသားရေးအန္တရာယ်အဖြစ် ဖော်ထုတ်ဖွင့်ချလျက် မျိုးချစ်စိတ်ဓာတ်ထက်မြက်တက်ကြွရေးကို ကလောင်ဖြင့် လှုံ့ဆော်ခဲ့သူဖြစ်တယ်" ဟုဆရာကြီးပီမိုးနင်းနှင့် စပ်လျဉ်း၍ပြောကြားသည်။

ထို့နောက် အဆိုတော် သန်လျင်လှလှရီက ဆရာကြီးအားဂုဏ်ပြုသည့် တေးကဗျာ၊ အကယ်ဒမီဓာတ်ပုံ ဦးထွန်းလှိုင်က ဆရာကြီးရေးသားခဲ့သော စာပေအရေးအသားများအကြောင်း၊ ကေတုလှနိုင်(ရာမ)က ဆရာကြီး နှစ်(၁၃၀)ပြည့် ဂုဏ်ပြုတေးသီချင်း၊ ဆရာကြည်နိုင်က ပီမိုးနင်း၏ဘဝဇာတ်ကြောင်း၊ ဆရာဦးမြတ်သွင် (ဝါးခယ်မမြတ်သွင်)က ဆရာကြီးအတ္ထုပ္ပတ္တိအကျဉ်း၊ မြန်မာမောင်သန့်က ဗန်းမော်တင်အောင်ရေးသားခဲ့သော ဆရာကြီးအကြောင်း၊ ဦးဝေမြင့်(မင်းရဲသစ်)က စာရေးဆရာကြီး သခင်၏ ကျွန်တော့်ဆရာပီမိုးနင်း စာတမ်းများကို သီဆိုဖတ်ကြားကြသည်။

ယနေ့အခမ်းအနားတွင် "ပူဇော်ထိုက်သူကိုပူဇော်ခြင်းသည်ကား အမျိုးသားယဉ်ကျေးမှုအစဉ်အလာကိုထိန်းသိမ်းခြင်းပင်ဖြစ်တယ်။ ယင်းအစဉ်အလာကို လက်ဆင့်ကမ်းသယ်သွားကြရမည်မှာ မိမိတို့အတွက် သမိုင်းပေးတာဝန်ပင်ဖြစ်တယ်" ဟု ဆရာမြေနီသစ္စာက ပြောသည်။ (ရိရိသန့်)

ဂျိမ်းစ်ဘွန်းဇာတ်ကား ထုတ်လုပ်သူနှစ်ဦးအား အမေရိကန်ရုပ်ရှင်အစည်းအရုံးမှ ဂုဏ်ပြုမည်

ဂျိမ်းစ်ဘွန်းဇာတ်လမ်းတွဲများကို အစဉ်တစိုက်ထုတ်လုပ်ခဲ့သည့် ထုတ်လုပ်သူ Michael G. Wilson နှင့် Barbara Broccoli တို့အား အမေရိကန်ရုပ်ရှင်ထုတ်လုပ်သူများ အစည်းအရုံးက နှစ်ပတ်လည်ဆုပေးပွဲ အခမ်းအနားတွင် ဂုဏ်ပြုဆုချီးမြှင့်သွားရန် စီစဉ်ထားကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ဘီဗာ လီဟီလ်တန်ဟိုတယ်၌ ကျင်းပမည့် (၂၅)နှစ်မြောက် အသင်း၏နှစ်ပတ်လည် အခမ်းအနားတွင် ဂျိမ်းစ်ဘွန်းဇာတ်လမ်းတွဲများကို ထုတ်လုပ်ခဲ့သော ထုတ်လုပ်သူနှစ်ဦးကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုပေးသွားမည်ဖြစ်ကြောင်း ယင်းအစည်းအရုံးမှ ထုတ်ပြန်ကြေညာထားသည်။

ရုပ်ရှင်ချစ်ပရိသတ်ကြီးကို အစဉ်တစိုက် သည်းထိတ်ရင်ဖိုစွန့်စားခန်းများနှင့် စိတ်ဝင်စားစရာကောင်းလှသည့် ဇာတ်လမ်းဇာတ်ကွက်များ ဖန်တီးပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ရှေ့ဆက်ပြီးလည်း ကမ္ဘာတစ်ဝန်းရှိ ရုပ်ရှင်ချစ်ပရိသတ်များကို ဆက်လက်ဖျော်ဖြေမှုပေးနိုင်ရန် ရည်ရွယ်ကာ ၂၀၁၄ ခုနှစ်အတွက် David O. Selznick Achievement ဆုကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မကြာမီ ကြည့်ရှုရတော့မည့် Hunger Games ၏ ဒုတိယမြောက် နောက်ဆက်တွဲဇာတ်ကား

မြောက်အမေရိက အင်န်တာတိန်းမန့် ကုမ္ပဏီတစ်ခုဖြစ်သည့် Lions Gate မှ ထုတ်လုပ်မည့် Hunger Games ၏ ဒုတိယမြောက် နောက်ဆက်တွဲဇာတ်ကားကို နိုဝင်ဘာ ၁၁ ရက်တွင် စတင် မိတ်ဆက်ပြသမည်ဖြစ်ပြီး နိုဝင်ဘာ ၂၂ ရက်တွင် ကမ္ဘာတစ်ဝန်းသို့ ဖြန့်ချိပြသသွားမည်ဖြစ်သည်။

Hunger Games: Catching Fire ဇာတ်ကားတွင် ပင်တိုင်မင်းသမီးဖြစ်သည့် အော်စကာဆုရှင် ဂျနီဖာလောရန့်စ်က အဓိကပါဝင်သရုပ်ဆောင်ထားပြီး ၎င်းနှင့်အတူ ဩစတြေးလျလူမျိုး မင်းသားလိုင်ယမ်ဟမ်းစ်ဝေါ့တ်နှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်အားဖြည့်ပေးထားကြသည်။

Lions Gate ရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် ယခုဇာတ်ကားသည် ၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သည့် Hunger Games ဇာတ်ကားထက် ကုန်ကျငွေပိုမိုများပြားခဲ့ကြောင်းနှင့် ယခုဇာတ်ကားကို ပရိသတ်များပိုမိုနှစ်သက်အားပေးလိမ့်မည်ဟု မျှော်လင့်ထားကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် တည်ဆောက်ပြီးစီးတော့မည့်(၂×၁၂၀) မဂ္ဂါဝပ် ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အားကို လက်ခံပို့လွှတ်နိုင်ရန်အတွက် ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံတွင် ၂၃၀ ကေဗွီအဝင်ဓာတ်အားလိုင်းများပြုပြင်တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံတွင် ပစ္စည်းများတိုးချဲ့တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

၂။ လှိုင်သာယာပင်မဓာတ်အားခွဲရုံတွင် ဖော်ပြပါလုပ်ငန်းများအား ဓာတ်အားပိတ်ဆောင်ရွက်ရမည်ဖြစ်ပါ၍ အောက်ပါနေ့ရက်၊ အချိန်များတွင် ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(က) ဘုရင့်နောင် ပင်မဓာတ်အားခွဲရုံကို ၂-၁၁-၂၀၁၃ ရက် (စနေနေ့) ၀၆း၀၀ နာရီမှ ၃-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ၁၈း၀၀ နာရီအထိ ဓာတ်အားပိတ်ထားမည်ဖြစ်ရာ အခြားဓာတ်အားခွဲရုံမှ ဓာတ်အားအစားထိုးပေးရမည်ဖြစ်ပါသဖြင့် မရမ်းကုန်းမြို့နယ်(၁)၊(၂)၊(၃)၊(၄)၊(၆)၊(၇) ရပ်ကွက်တို့တွင်လည်းကောင်း၊ လှိုင်မြို့နယ် (၁)၊(၂)၊(၃)၊ (၄)၊ (၆)၊(၇)၊(၈)၊(၉)၊(၁၀)၊(၁၁)၊(၁၂)၊(၁၃)ရပ်ကွက်တို့တွင်လည်းကောင်း၊ ကမာရွတ်မြို့နယ် (၁)၊(၂)၊(၃)၊(၄)၊(၅)၊ (၆)၊(၇)၊(၈)ရပ်ကွက်တို့နှင့် Junction Center တွင်လည်းကောင်း၊ စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်၊ မုန့်လက်ဆောင်းကုန်း(မြောက်)၊ကျွန်းလယ်(တောင်)၊(မြောက်)ရပ်ကွက်တို့တွင် လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ဗိုလ်စောပု၊ သရက်တော(တောင်)၊(မြောက်)၊သာမှု(အရှေ့)၊ (အနောက်)၊ မကျီးကန်ရပ်ကွက်တို့နှင့် မြို့တော်သတင်းစာတိုက် တို့တွင်လည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ပါသည်။

(ခ) လှိုင်သာယာပင်မဓာတ်အားခွဲရုံကို ၃-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ၀၈း၀၀ နာရီမှ ၁၈း၀၀ နာရီအထိ ဓာတ်အားပိတ်ထားမည်ဖြစ်ရာ လှိုင်သာယာမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်း အေးရွာ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကျိုက်ထော်မြို့၊ လက်ခုတ်ကုန်းမြို့တို့ ၁၀ နာရီကြာ လုံးဝဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါသည်။

၃။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် လာမည့်နွေရာသီကာလအတွင်း ရန်ကုန်မြို့တော်နေ အများပြည်သူများ ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
E-Government နှင့်ပတ်သက်သည့်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Dell Web Server	- ၅ လုံး
(ခ)	Colour Scanner	- ၅ လုံး
(ဂ)	Dell Optiplex 9010 MT	- ၁၄ လုံး
(ဃ)	Network Accessories	- ၁ စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို(၄-၁၁-၂၀၁၃)ရက်မှ(၁၅-၁၁-၂၀၁၃)ရက်နေ့အထိ နေ့စဉ် (၀၉း၃၀)နာရီမှ(၁၆း၃၀)နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁၈-၁၁-၂၀၁၃)ရက်နေ့ (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
ကုန်ကြမ်းပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Wipeon Aluminium Plate (650 x 550 x 0.24) mm	- ၅၀၀၀ ချပ်
(ခ)	Ortho Film (sheet) 50 sheet/Box	- ၃၀၀ ဘူး
(ဂ)	Coating A+B	- ၅၀၀ set
(ဃ)	Developing Lacquer	- ၃၆၀ လီတာ
(င)	A3 Toner 5000 N	- ၉၀ ဘူး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို(၄-၁၁-၂၀၁၃)ရက်မှ(၁၅-၁၁-၂၀၁၃)ရက်နေ့အထိ နေ့စဉ်(၀၉း၃၀)နာရီမှ(၁၆း၃၀)နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁၈-၁၁-၂၀၁၃)ရက်နေ့ (၀၉း၃၀)နာရီမှ(၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၂၇

တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများ ဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသော ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာစစ်တုရင်အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာစစ်တုရင်အမျိုးသားတံခွန်စိုက်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာစစ်တုရင်အမျိုးသားတံခွန်စိုက်ပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ပြိုင်ပွဲခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်စစ်တုရင်အားကစားသမားများ သတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးဝင်းအောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် အမှုဆောင် ဦးဖြိုးအောင်ကြည်က ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာစစ်တုရင်အမျိုးသမီး တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆုရ မေဆုလွင်၊ ဒုတိယနှင့် တတိယဆုရရှိသူတို့အား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသူအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် အမှုဆောင်ဦးသိန်းဇော်က ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ စစ်တုရင်အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆုရ ဝင်းဇော်ထွန်း(လယ်ယာ/ဆည်မြောင်း)၊ ဒုတိယဆုနှင့်တတိယဆုရရှိသူတို့အား တစ်ဦးချင်းဆုများပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသူအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးဝင်းအောင်က ၂၀၁၃ ခုနှစ် မြန်မာ့ရိုးရာ စစ်တုရင်အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆုရ မောင်မောင်လတ်(ပြည်ထဲရေးဝန်ကြီးဌာန)၊ ဒုတိယဆုရနှင့်တတိယဆုရရှိသူတို့အား တစ်ဦးချင်း ဆုများကိုပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသူအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကြောင်း သိရှိရသည်။(ဓာတ်ပုံ) (ကြေးမုံ)

ရိုးမားအသင်း ၁၀ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်

ငွေကြယ်

ရိုးမားအသင်းသည် စီးရီးအေ အမှတ်ပေးဇယား အောက်ဆုံးရှိ ချီယေဗိုအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဩဂုတ် ၂၅ ရက်မှ စတင်ယှဉ်ပြိုင်ခဲ့သော ၂၀၁၃-၂၀၁၄ အီတလီစီးရီးအေပြိုင်ပွဲ ၁၀ ပွဲကစားအပြီးတွင် ၁၀ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီဖြစ်သည်။

ရိုးမားအသင်းသည် ယခုချီယေဗိုအသင်းနှင့်ပွဲစဉ်တွင် အသင်း၏ အဓိကအားထားရသည့်ကစားသမားများဖြစ်သည့် နောက်တန်းကစားသမား မိုင်ကွန် ပွဲပယ်ပြစ်ဒဏ်ကျခံထားရသည့်အပြင် တိုက်စစ်မှူးများဖြစ်ကြသည့် ဂါဗင်ဟို၊ တော့တီနှင့် ဒက်စထရိတို့ ဒဏ်ရာပြဿနာများကြောင့် ပါဝင်လာခဲ့ခြင်း မရှိခဲ့သော်လည်း ပွဲကစားချိန် ၆၇ မိနစ်တွင် တိုက်စစ်မှူးမာကိုဘော်ရီယယ်လို၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ရမှတ် ၆၂ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့်(၆)နေရာဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ယခုနှစ်ဘောလုံးရာသီတွင်မူ တိုက်စစ်မှူး တော့တီ ယမန်နှစ်ကထက် ခြေစွမ်းပိုမိုကောင်းမွန်လာခြင်း၊ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဂါဗင်ဟို၊ ဆားဘီးယားတိုက်စစ်မှူး အယ်လ်ဂျာဂျစ်၊ ဘရာဇီးနောက်တန်းကစားသမားမိုင်ကွန်၊ ဂျီနိုအာတိုက်စစ်မှူး ဒက်စထရို၊ နယ်သာလန်တိုက်စစ်မှူး ကီဗင်စထရုမန်း၊ ခရိုအေးရှားနောက်တန်းကစားသမားတင်ဂျီးဗက်၊ မော်ရိုကို နောက်တန်းကစားသမား ဘန်နာတီယာ စသည့်ကစားသမားသစ်များကို ခေါ်ယူအားဖြည့်မှု ပြုလုပ်ခဲ့ပြီးနောက် အသင်း၏ ရှေ့၊ လယ်၊ နောက် အားနည်းချက်မရှိဘဲ တောင့်တင်းသည့် အသင်းတစ်သင်းအသွင် ပြောင်းလဲခဲ့ခြင်းကြောင့် ၂၀၁၃-၂၀၁၄ အီတလီစီးရီးအေရာသီစတင်ခဲ့သည့်အချိန်မှစကာ လက်ရှိအချိန်အထိ ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ရိုးမားအသင်းသည် ၁၀ ပွဲစလုံး အနိုင်ရရှိခဲ့ရာတွင် အိမ်ကွင်းအဝေးကွင်း စုစုပေါင်းရဂိုး ၂၄ ဂိုးအထိ ရယူထားပြီး ပေးဂိုးတစ်ဂိုးသာလျှင်ပေးထားရသည့်ခံစစ်သည် စီးရီးအေတွင် အကောင်းဆုံးခံစစ်အဖြစ်မှတ်တမ်းဝင်ခဲ့သည်။ ရိုးမားနောက်တွင် ပေးဂိုးအနည်းဆုံးအသင်းမှာ နာပိုလီအသင်းဖြစ်ပြီး ရိုးမားအသင်း၏ ရဂိုး ၂၄ ဂိုးတွင် ဂိုးအများဆုံးသွင်းထားသူများမှာ ဖလော်ရန်ဇီ(လေးဂိုး)၊တော့တီ(သုံးဂိုး)၊ ဂါဗင်ဟို(သုံးဂိုး)၊အယ်လ်ဂျာဂျစ်(သုံးဂိုး) နှင့်ပီဂျာနစ်(သုံးဂိုး)တို့ ဖြစ်ကြသည်။

ကျေးဇူးဆပ်

ကိုမြင့်မိုး [၉/ပဘန(နိုင်)၁၆၀၀၂၇]ပတ်စပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၀၀၈၃၅၈၉

အမည်ဖြည့်စွက်

အဖ ဦးစိုးအောင်နိုင်၏ သမီးဖြစ်သူ မသန္တာစိုး [၁၂/ဥကတ(နိုင်)၁၇၅၉၁၅] နည်းပညာတက္ကသိုလ် (မှော်ဘီ) ဒုတိယနှစ်ကျောင်းသူအား မသန္တာစိုး (ခ) မခင်လပြည့်ဝန်းဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

ပြည်ထောင်စုနေ့စဉ်သတင်းစာ စက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုနေ့စဉ်သတင်းစာတိုက်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	4HI Tower (Web Offset)	3 Units
၂။	Mono Unit	1 Nos

၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၅ရက် (သောကြာနေ့) ၁၈း၀၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုနေ့စဉ်သတင်းစာတိုက် မေတ္တာလမ်းနှင့် သခင်ဖိုးလှကြီးလမ်းထောင့်၊ ၁၄/၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၅၀၀၇၅၀၊ ၀၁-၈၅၀၀၇၅၁ တို့သို့ လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့၊ ပြည်ထောင်စုနေ့စဉ်သတင်းစာတိုက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း(၃၂)ခုအား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင်ဆိုင်သော ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၈-၁၁-၂၀၁၃ ရက်(သောကြာနေ့) နံနက် ၁၀း၀၀နာရီတွင် စတင်ရောင်းချမည်ဖြစ်ပြီး ၇-၁၂-၂၀၁၃ရက်(သောကြာနေ့)တွင် အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို လက်ခံသွားမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့် အဆောက်အအုံများ၏ ဗိသုကာပုံစံနှင့်ဆောင်ရွက်မည့်အတိုင်းအတာ၊ အသေးစိတ်အချက်အလက် များနှင့် ပတ်သက်၍လည်းကောင်း၊ လိုအပ်သော အိတ်ဖွင့်တင်ဒါပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန(ရုံးအမှတ်-၄)၊ ဆောက်လုပ်ရေးဌာနစိတ်တွင် လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၁၁၅၁၁သို့ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်။

ပြည်ထဲရေးဝန်ကြီးဌာန
မီးသတ်ဦးစီးဌာန
နေပြည်တော်မီးသတ်ဦးစီးဌာန
ဆီသိုလှောင်ရုံ(အုတ်တိုက်)ဆောက်လုပ်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့၌ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ဆီသိုလှောင်ရုံ(အုတ်တိုက်) နှင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဇမ္ဗူသီရိမြို့နယ်၊ ဗဟိုမီးသတ်တပ်ဖွဲ့စခန်း ဆီသိုလှောင်ရုံ(အုတ်တိုက်) ပေ(၃၆×၂၈)
(ခ) ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၇)မီးသတ်တပ်ဖွဲ့စခန်း ကွန်ကရစ်လမ်းခင်းခြင်း ပေ(၂၀၂×၈၄)
(ဂ) ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(၁)မီးသတ်တပ်ဖွဲ့စခန်း ကွန်ကရစ်လမ်းခင်းခြင်း ပေ(၇၂×၂၅)

၂။ အိတ်ဖွင့်တင်ဒါပုံစံများ စည်းကမ်းချက်များ တည်ဆောက်ရေးလုပ်ငန်းပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂-၁၁-၂၀၁၃ရက်မှ ၁၁-၁၁-၂၀၁၃ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၁၁-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေပြည်တော်မီးသတ်ဦးစီးဌာန ဖုန်း- ၀၆၇-၄၂၀၀၁၇၊ ၀၆၇-၄၂၀၅၈၅၊ ၀၉-၄၇၀၈၃၀၁၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
နေပြည်တော်မီးသတ်ဦးစီးဌာန	နေပြည်တော်အဆင့်တင်ဒါစိစစ်ရေးကော်မတီ
(ဓာတုစယမာတ်ပေါင်းစုစေတီတော်အနီး)	နေပြည်တော်ကောင်စီရုံး
ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်	ဖုန်း-၀၆၇-၅၅၀၁၃၇
ဖုန်း-၀၆၇-၄၂၀၀၁၇၊ ၀၆၇-၄၂၀၅၈၅	



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁) ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆိပ်ကြီးခနောင်တို မြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် ဆောင်ရွက်မည့် ကမ်းပြိုကာ ကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၄-၁၁-၂၀၁၃ ရက်မှစ၍ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ အောက်ပုဇွန်တောင်၊ သီတာဆိပ်လမ်းသွယ်တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါကို ၁၅-၁၁-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀ နာရီတွင် အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်း၊ တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဖုန်းအမှတ် ၀၁-၂၀၂၁၇၁ နှင့် ၀၁-၉၀၀၀၉၁၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

မူဆယ်၌ ဆိုင်ကယ်များ ဆက်တိုက်လုယက်ရမ်းကားသူအား ဖမ်းဆီး

မူဆယ် နိုဝင်ဘာ ၁

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့တွင် နှစ်ရက်ဆက်တိုက် ဆိုင်ကယ်စီးနင်းလာသူ အမျိုးသမီးများအား ဓား၊ သုံးမြှောင်သံပြားများဖြင့် ခုတ်ပြီး ဆိုင်ကယ်လုယက်မှုများ စက်တင်ဘာ ၂၃ နှင့် ၂၄ ရက်တို့တွင် ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်များမှာ စက်တင်ဘာ ၂၃ ရက် ည ၇ နာရီတွင် မူဆယ်မြို့ အမှတ်(၂)ဈေးမှ ဆိုင်ကယ်နှင့် အိမ်ပြန်လာသော မခင်စံပယ်ဖြူအား မူဆယ်မြို့ တောင်ရပ်ကွက် ခိုင်သစ္စာကားပစ္စည်းရောင်းသည့် ဆိုင်လမ်းကြားတွင် အမည်မသိ အသက်(၂၀)ကျော်ခန့် လူငယ်တစ်ဦးက ဓားဖြင့် တစ်ချက်ခုတ်လိုက်သဖြင့် ခေါင်းငုံ့ရှောင်ခဲ့သည်။ ခုတ်လိုက်သည့်ဓားချက်ကြောင့် ဘယ်ဘက်ပါး၊ ညာဘက်ပါး၊ နှာခေါင်းတို့တွင် ပြတ်ရှဒဏ်ရာရရှိပြီး ဆိုင်ကယ်လဲကျစဉ် ဆိုင်ကယ်အား လုယူထွက်ပြေးသွားကြောင်းနှင့် စက်တင်ဘာ ၂၄ ရက်တွင် မူဆယ်မြို့ ပန်လုံရပ်ကွက် ပန်လုံလမ်း စည်ပင်သာယာဝန်ထမ်းအိမ်ရာတွင် နေထိုင်သူ ဒေါ်အေးမသည် သမီးဖြစ်သူ မထက်ထက်အိစံနှင့်အတူ ဆိုင်ကယ်စီးလာရာ လူပြတ်သောလမ်းနေရာတွင် လူတစ်ဦးတွေ့ရှိရပြီး ဆိုင်ကယ်အားပေးရန် ခြိမ်းခြောက်ပြီး စတီးဓားဖြင့် ဆိုင်ကယ်မောင်းနှင်သူ မထက်ထက်အိစံအား ဓားဖြင့်ခုတ်ရာ မျက်နှာတွင် ပြတ်ရှဒဏ်ရာတစ်ချက် ရရှိပြီး ဆိုင်ကယ်တိမ်းမှောက်၍ အော်ဟစ်အကူအညီတောင်းခဲ့သဖြင့် ထိုသူမှာ ဆိုင်ကယ်ကိုလုကာ ထွက်ပြေးသွားကြောင်း မူဆယ်ရဲစခန်းတွင် တိုင်ကြားခဲ့သည်။

ထို့ကြောင့် မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ညွှန်ကြားမှုတို့ဖြင့် ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ပြည်နယ်လုံခြုံရေးအထူးတပ်ဖွဲ့မှ အဖွဲ့သည် ပြစ်မှုကျူးလွန်သူအား မြင်လျှင်မှတ်မိနိုင်သော တာဝန်သိပြည်သူတစ်ဦးနှင့်အတူ ပြစ်မှုကျူးလွန်သူ သွားလာနေထိုင်လှုပ်ရှားတတ်သည့်နေရာများကို စုံစမ်းစောင့်ကြည့်ခဲ့ရာ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်ရှိ တရုတ်နိုင်ငံဘက်သို့ တရားမဝင်ခိုးပေါက်၊ ထွက်ပေါက်ဖြစ်သော ရွှေနဂါးဝင်၊ ထွက်ပေါက်အနီးတွင် အိုက်ထွန်း(ခ)ဝင်းထွန်း(ခ)ထွန်းထွန်း (၂၅)နှစ် တရုတ်နိုင်ငံ ကျယ်ဂေါင်တွင် နေထိုင်သူအား စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

"နယ်စပ်ဒေသတွေဖြစ်တဲ့အတွက် ဒီလိုပြစ်မှုကျူးလွန်မှုတွေဖြစ်တတ်တဲ့ နေရာတွေထဲမှာ ကျွန်တော်တို့ မူဆယ်လည်းပါပါတယ်။ ဒါကြောင့် ရဲတပ်ဖွဲ့တွေကလည်း အင်အားဖြည့်၊ အချိန်ပြည့်အစီအမံတွေနဲ့ ဆောင်ရွက်နေတာတွေ့ရပါတယ်။ ရပ်ကွက်၊ ကျေးရွာတွေမှာလည်း ပညာပေးဆောင်ရွက်တာ တွေ့ရပါတယ်။ တာဝန်သိပြည်သူတွေ ပါဝင်လာပြီး ဒါ့ထက်ချိတ်ဆက်မိကြရင်တော့ မှုခင်းတွေကျဆင်းလာမှာပါလို့ သုံးသပ်မိပါတယ်။ အခုလိုဖော်ထုတ်နိုင်တဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်" ဟု မူဆယ်မြို့တွင် အရောင်းအဝယ်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ကျီးမိုက်(လူ)

လိုင်စင်မဲ့ဆိုင်ကယ်တိုက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံး

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းလမ်းမကြီးနှင့် ဦးပုညလမ်းထိပ်တွင် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အရှိန်ပြင်းစွာမောင်းနှင်လာသည့် လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီးက လမ်းဖြတ်ကူးရန် စောင့်ဆိုင်းနေသည့် အသက်(၅၅)နှစ်အရွယ် အမျိုးသမီးတစ်ဦးအား ဝင်တိုက်မိမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ်(၁၄)ရပ်ကွက်(ကျူးကျော်)အောင်သုခပတ်လမ်းနေ မောင်ဇော်မင်း အသက် (၂၈)နှစ် မောင်းနှင်လာသော လိုင်စင်မဲ့ဆိုင်ကယ်သည် လမ်းဖြတ်ကူးရန်စောင့်ဆိုင်းနေသော လှိုင်သာယာမြို့နယ်(၈) ရပ်ကွက် ပဒေသာ(၅)လမ်း အမှတ်(၃၂၇/က)နေသူ ဒေါ်နွဲ့စိန် အသက်(၅၅)နှစ်အား ဝင်တိုက်မိခဲ့ရာ ဒေါ်နွဲ့စိန်၏ ခြေထောက်နှင့် ဦးခေါင်းတို့တွင် ဒဏ်ရာပြင်းထန်စွာရရှိသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် ဦးခေါင်းထိခိုက်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး အမှတ်(၁၇)ယာဉ်ထိန်းတပ်ဖွဲ့စုမှ တာဝန်ရှိသူများက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(မင်းထက်ပိုင်-လှိုင်သာယာ)**

ပဲခူးမြို့ ယာဉ်စည်းကမ်းပျက်သူများဖမ်းဆီးရာ၌ အမှုပွဲစားများပတ်သက်နေ

ပဲခူး နိုဝင်ဘာ ၁

ပဲခူးမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပျက်သူများအား စစ်ဆေးဖမ်းဆီးအရေးယူလျက်ရှိရာ ပဲခူးမြို့ ယာဉ်ထိန်းအဖွဲ့မှ စည်းကမ်းမဲ့ဆိုင်ကယ်များအား ခေတ္တသိမ်းဆည်း၍ တရားရုံး၌ ကျသင့်ဒဏ်ငွေဆောင်စေပြီးမှ ဆိုင်ကယ်အား ပြန်လည်ပေးခဲ့ကြောင်း သိရသည်။ ယင်းကျသင့်ဒဏ်ငွေမှာ ကျပ် ၈၀၀၀ နှုန်း ရှိကြောင်းနှင့် မိမိကိုယ်တိုင် တရားရုံးသို့သွားရောက် ဒဏ်ငွေမဆောင်လိုပါက ဖမ်းဆီးရေးအဖွဲ့အနီး အမှုပွဲစားများအား ကျပ် ၁၀၀၀၀ ပေးလျှင် ဆိုင်ကယ်ချက်ချင်းပြန်ရကြောင်း ဖမ်းဆီးခံရသူတစ်ဦးကပြောသည်။ ထိုကဲ့သို့ အမှုပွဲစားများ၏ လုပ်ဆောင်နေမှုအပေါ် ပြည်သူအများက ဝန်ထမ်းများအား အထင်အမြင်လွဲကာ ဝန်ထမ်းဂုဏ်သိက္ခာကျဆင်းစေနိုင်ကြောင်း ကိုယ်တိုင်ကြုံခဲ့ရသူတစ်ဦးက ပြောသည်။ ယင်းကဲ့သို့ ပါဝင်ပတ်သက်နေသော အမှုပွဲစားများအား ပြည်သူများ၏ အထင်အမြင်လွဲကာ ဝန်ထမ်းများ ဂုဏ်သိက္ခာမကျဆင်းရအောင် ရှင်းလင်းသင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

(၅၈၇)

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများသိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄၂)မူးယစ်ဆေးဝါးတာဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်အနောက်)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်နေ မျိုးသူရနိုင်ဝင်းဦး(၄၂) နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ပြားနှင့် ဘိန်းဖြူ သုည ဒသမ ၄၇၆ ဂရမ်တို့အား သိမ်းဆည်းရမိခဲ့သဖြင့် မျိုးသူရနိုင်ဝင်းဦးအား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက မယ(ပ)၂၈/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆ (ဂ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ဒဟတ်ပင်ရေနံမြေ၌ မီးလောင်မှုဖြစ်ပွား

မင်းလှ နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် အုတ်ပုံကျေးရွာ ဒဟတ်ပင်ရေနံမြေ MOGE ဘောလုံးကွင်း အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဦးထွန်းကြည်၏ ယာခင်းအတွင်း၌ အောက်တိုဘာ ၂၇ ရက်နံနက် ၄ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ခန့်မှန်းတန်ဖိုးကျပ် ၅၂ သိန်းခန့် မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ယာခင်းအတွင်းရှိ မင်းဘူးမြို့နေ မင်းမင်းသူ၏ ရေနံတွင်း၌ ရေနံခပ်လုပ်သား အန့်မင်းဇော် အောင်လံမြို့နေသူသည် ရေနံခပ်စဉ် ရေနံခပ်ခွက် သံကိုင်းနှင့် ရေနံတွင်းသံပိုက်တို့ ပွတ်တိုက်မိသောကြောင့် မီးစတင်လောင်ကျွမ်းခဲ့သည်ဟု သိရသည်။ မီးလောင်ကျွမ်းမှုကြောင့် အနီးဝန်းကျင်ရှိ ရေနံကျင်းများသို့ မီးကူးစက်လောင်ကျွမ်းသဖြင့် ရေနံကျင်း ရှစ်ကျင်း၊ ကလပ်ခုံ ရှစ်ခုံ၊ ရေနံစိမ်းပီပါ ၂၄ လုံး မီးလောင်ပျက်စီးသွားသည်။

ယင်းအမှုနှင့်ပတ်သက်၍ ပေါ့ဆစွာ ရေနံခပ်သူ အန့်မင်းဇော်အား မင်းလှမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(မကွေးလှမြင့်)**

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ မူး ယစ် ကင်း စင် ကျန်း မာ မှ







မွေးနေ့ဆုတောင်းလွှာ

အမေ့အချစ်ဆုံးသားလေး "ချစ်ကို"

သားလေးရဲ့ ဗမာလိုမွေးနေ့ သီတင်းကျွတ်လကွယ်နှင့် အင်္ဂလိပ်လိုမွေးနေ့ နိုဝင်ဘာလ ၂ ရက် တစ်ထပ်တည်း ကျရောက်သော နေ့ထူးနေ့မြတ်ကစပြီး-

- စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး
- အသက်ရှည်၍ အနာမဲ့ပါစေ

သားကိုချစ်တဲ့မေမေ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
(ဦးခင်သန်း)-ဒေါ်ညွန့်ရီ(သုခဝတီ-ဆန်စက်)တို့၏ တစ်ဦးတည်းသောသား
မောင်ကိုကိုနိုင် B.A(History)
(နန်းထိုက်ရွှေ-ရေခဲစက်)
Director(Majestic Myanmar Group Co.,Ltd.)
နှင့်
ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ
ဦးစိန်ခိုင်(ဌာနမှူး-ငြိမ်း)M.E.B.E-ဒေါ်ဝင်းကြူတို့၏သမီးကြီး
မဝင်းဝင်းမာ B.Sc(Physics),M.A(Chinese)
လက်ထောက်ကထိက၊ တရုတ်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

တို့၏ ၂၆-၁၀-၂၀၁၃ရက် (စနေနေ့)**Sedona Hotel** မင်းတုန်းခန်းမတွင် ကျင်းပသော စုလျားရစ်ပတ်လက်ထပ်ပွဲနှင့် မော်ကွန်းတင်လက်မှတ် ရေးထိုးပွဲအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ပေး၍ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သရေစည်သူ ဦးသိန်းထိုက်(ပြည်ထောင်စုစာရင်းစစ်ချုပ်)နှင့်ဇနီး ဒေါ်မြမြဦး၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော သုဓမ္မဇောတရေ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့်ဇနီး ဒေါ်အေးမွန်ရှိန်၊ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မဇောတရေ၊ သီရိသုဓမ္မဇောတရေ **Dr.**ဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရွေးကောက်ပွဲ…နေချုပ်ရုံး)တို့အားလည်းကောင်း၊ ၃၁-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) **Western Park Royal** တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲနှင့် ညစာစားပွဲတွင် အောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့်ဇနီး **Dr.**ဒေါ်တင်လင်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သားသား မောင်သန့်သုတကိုနှင့် သမီးလေး မစိုးရတနာဝင်း၊ မင်္ဂလာပန်းကြဲ မသီရိကို၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မဟန်နီထွန်းသန်း၊ သတို့သားအရံများဖြစ်ကြသော ဗိုလ်ကြီးဇင်သန်းထွန်းနှင့် Dr.ဆက်မောင်ဌေး၊ သတို့သမီးအရံများဖြစ်ကြသော မသန္တာညွန့်ဆန်းနှင့် Dr.သီရိညွန့်ဆန်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် သတို့သမီးအား လက်ဝတ်ရတနာများ အလှူဆင်ပေးပါသော ဦးမောင်လတ်-ဒေါ်ကြင်ကြင်(ကြယ်စင်နန်းတော်စိန်ဆိုင်)၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာဝတ်စုံကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)နှင့်Yes I Do၊ ပန်းအလှဆင်နီနီ(ပွိုင့်)ဗိုလ်ချုပ်ဈေး၊ တေးဂီတ The Aces နှင့် ဒေါ်ရီရီသန့်အဖွဲ့၊ မိတ်ကပ်အလှဆင်စိုးစိုးနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုအကိုင်းနှင့်အဖွဲ့၊ နှစ်ဖက်သောဆွေမျိုးများနှင့် ကြွရောက်ချီးမြှင့်ကြပါသော မိတ်ဆွေအပေါင်းနှင့် ဂုဏ်သရေရှိလူကြီးမင်းအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ကိုကိုနိုင်-မဝင်းဝင်းမာ

အထက်မြန်မာပြည်သတင်း

မုံရွာမြို့တွင် လျှပ်စစ်ဓာတ်အားထရန်စဖော်မာများ တပ်ဆင်လျက်ရှိ

မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ မုံရွာမြို့မှစက်မှုလုပ်ငန်းရှင်များ၊ မွေးမြူရေးဇုန်မှ လုပ်ငန်းရှင်များ၊ လျှပ်စစ်နှင့်ပတ်သက်သောလုပ်ငန်းအသီးသီးမှ လုပ်ငန်းရှင်များ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ ဝန်ထမ်းများစသည်ဖြင့် အလွှာအသီးသီးမှ ပုဂ္ဂိုလ်များတက်ရောက်သည်ကိုမြင်တွေ့ရသည်။ ဆွေးနွေးပွဲ အပြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်သုံးစွဲရမှုအများဆုံးနှင့် လူဦးရေတဖြည်းဖြည်းထူထပ်ကာ ဖွံ့ဖြိုးမှုမြန်ဆန်သော မုံရွာမြို့အခြေစိုက် မုံရွာမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးဝင်းနိုင်စိုးနှင့်တွေ့ဆုံခဲ့ရာ-

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်စိုး

မေး။ ။မုံရွာမြို့နယ်လျှပ်စစ်လုပ်ငန်းကို ပုဂ္ဂလိကကလုပ်မယ်ဆိုတာ သိချင်ပါတယ်။

ဖြေ။ ။အဲဒါကတော့ အခုအချိန်မှာ ကြိုတင်လေ့လာနေဆဲ အချိန်ပဲ ရှိပါသေးတယ်၊ စာမချုပ်ရသေးတော့ သေချာတယ်လို့ပြောလို့မရသေးပါဘူး၊ ပုဂ္ဂလိကအနေနဲ့ စိတ်ဝင်စားမှုရှိလို့လုပ်ဖို့တော့ရှိပါတယ်။ အခု ပထမမှာလည်း ကုမ္ပဏီနှစ်ခုလောက် လေ့လာဖူးပါတယ်၊ အခုနောက်ဆုံးလေ့လာနေတဲ့ ကုမ္ပဏီကတော့ မြန်မာမီလီယံဂရု (MMG)က လေ့လာနေပါတယ်။ ကုမ္ပဏီ အနေနဲ့ယူရင် မုံရွာတစ်မြို့နယ်လုံးကို အကျုံးဝင်မှာပါ။ ပုဂ္ဂလိကယူသွားမယ် ဆိုရင်တော့ ကွာခြားမှုအနေနဲ့ကတော့ ပုဂ္ဂလိကဆိုတော့တစ်ပိုင်တစ်နိုင် လိုအပ်ချက်ကို ချက်ချင်းဖြည့်ဆည်းပေးနိုင်မှာပေ့ါ။ အစိုးရဆိုတာက လိုအပ် ချက်ရှိရင် ချက်ချင်းဆောင်ရွက်လို့မရဘူး။ အဆင့်ဆင့်တင်ပြပြီးမှလုပ်ရတာ၊ ဖြည့်ဆည်းပေးရတာဆိုတော့ ကြားထဲမှာကြန့်ကြာမှုတွေရှိနိုင်တာပေ့ါ၊ တစ်မြို့နယ်တည်းပဲ ကုမ္ပဏီကကိုင်တာဆိုတော့ ဒီနေ့ဖြစ်တဲ့ဟာ ဒီနေ့ ဆောင် ရွက်နိုင်တဲ့ချက်ချင်းဆုံးဖြတ်နိုင်တဲ့အနေအထားမှာရှိနိုင်တာပေ့ါ။ အဲဒီလို လိုအပ်ချက်တွေကို ဖြည့်ဆည်းတဲ့နေရာမှာ မြန်ဆန်လာနိုင်တာရှိနိုင်ပါတယ်၊ ဓာတ်အားအနေနဲ့ အစိုးရပေးနေတဲ့ ဓာတ်အားကိုပဲသုံးမှာပါပဲ။ ဖြန့်ဖြူးပေး နိုင်တဲ့ဓာတ်အားအပေါ်ပဲမူတည်ပြီးတော့ပဲ ဓာတ်အားရရှိမှုကတော့ ဘာမှ မပြောင်းလဲပါဘူး၊ ဓာတ်အားခနှုန်းထားဆိုတာကလည်း အစိုးရက လက်ရှိ သတ်မှတ်တဲ့နှုန်းထားအတိုင်းပဲ ကောက်ခံရမှာဖြစ်တဲ့အတွက် အများပြည်သူ တွေရဲ့သက်ရောက်မှုက အတူတူပဲဖြစ်ပါတယ်။

မေး။ ။မုံရွာမြို့နယ်အတွင်း လျှပ်စစ်နဲ့ပတ်သက်ပြီး ရှေ့အလားအလာ အတွက် ဘယ်လိုများဆောင်ရွက်ထားပါသလဲ။

ဖြေ။ ။မြို့နယ်အတွင်းမှာ ပိုမိုကောင်းမွန်အောင် အခုလက်ရှိပေးနေ တဲ့ လျှပ်စစ်ဓာတ်အားကိုရရှိအောင် ဆောင်ရွက်နေပါတယ်၊ တချို့လိုအပ်ချက် တွေလည်း ရှိနေဆဲပါ။ ရပ်ကွက်တွေထဲမှာ အရင်ကသုံးနေတဲ့ ဦးရေနဲ့အခုသုံး တဲ့ဦးရေက တော်တော်ကွာခြားလာပါတယ်။ ကွာခြားလာတော့ ထရန်စဖော် မာရဲ့ ဦးရေက သိပ်ပြီးတိုးလာတာမရှိပါဘူး။ မတိုးလာတော့ အရင်ကရှိနေတဲ့ ထရန် စဖော်မာကိုပဲ တိုးလာတဲ့သူတွေက သုံးတဲ့အတွက် မနိုင်မနင်းဖြစ်လာပြီး ထရန်စဖော်မာရဲ့ဝန်အားပြည့်လာတာ တွေရှိတယ်၊ အဲဒီတော့ ဗို့အားတွေကျ လာတာတွေရှိပါတယ်။ အဲဒီတော့ လိုအပ်တဲ့နေရာတွေမှာ ဘယ်နေရာမှာ တော့ သင့်တော်တယ်ဆိုတာရွေးချယ်ပြီးတော့ ထရန်စဖော်မာထိုင်ဖို့ကို ရွေးပြီး သတ်မှတ်ထားပါတယ်။ အဲဒါလေးတွေကိုလုပ်ဖို့အများပြည်သူရဲ့ ပူးပေါင်းပါဝင်မှုတွေသုံးပြီးမှ ရပ်ကွက်ကနေ ကိုယ်ထူကိုယ်ထနစ်တွေ၊ လိုအပ်တဲ့ပစ္စည်းတွေပံ့ပိုးမယ်ဆိုရင်ဌာနကနေထရန်စဖော်မာချပြီးထိုင် ပေးနေပါတယ်။

အခုဆိုရင်ဓာတ်အားအလွန်ကျတဲ့ နေရာတွေမှာထရန်စဖော်မာတွေထိုင် ပေးနေပါတယ်။ နောက်ထပ် နတ်လုထိပ်ပန်ရပ်ကွက်မှာလည်း ယခင်နှစ်လုံး အပြင်နောက်ထပ်တစ်လုံးအတွက်မကြာမီမှာတပ်ဆင်ပေးဖို့ဆောင်ရွက်နေပါ တယ်။ လျှပ်စစ်ဓာတ်အားအနေနဲ့ ရပ်ကွက်အစွန်အဖျားတွေမှာ ဓာတ်အား လိုင်းကျလို့ မြှင့်တင်ပေးလိုက်ရင် နှစ်နာရီရေတင်ရာကနေ ဗို့အားပြည့်လာရင် ၁ နာရီတည်းနဲ့ ရေပြည့်မှာဖြစ်တဲ့အတွက်အချိန်သက်သာပြီး သုံးစွဲတဲ့ ယူနစ် တွေသက်သာလာမှာဖြစ်ပါတယ်။ ပြီးတော့သုံးစွဲတဲ့စက် ပစ္စည်းတွေရဲ့ ချွတ်ယွင်း ပျက်စီးမှုနည်းလာမှာဖြစ်ပြီး မီးအားပြည့်လာတဲ့အတွက် အိမ်တွင်းသုံး မီးအား မြှင့်စက်တွေသုံးစရာမလိုတော့ဘူး။ အဲဒီအတွက်မီးအားသုံးစက်တွေရဲ့ သုံးစွဲမှု ဝန်အားတွေလျော့သွားမယ်။

မေး။ ။လျှပ်စစ်ဓာတ်အားကိုသုံးရာမှာလည်းတချို့စည်းကမ်းမရှိတာတွေ ကိုလည်း တွေ့နေရဆဲပါ။ အဲဒီအပေါ်ရောသုံးစွဲသူတွေဘက်က ဘယ်လို ပြောချင်ပါသလဲဗျာ။

ဖြေ။ ။ အဲဒါက ကျွန်တော်တို့အမြင်ပြောရရင်တော့လူတစ်ဦးတစ်ယောက် ရဲ့အသိစိတ်ဓာတ်နဲ့ ဆိုင်ပါလိမ့်မယ်။ ဘာလို့လဲဆိုတော့လမ်းမီးတွေကို ညပိုင်း အလင်းရောင်ရအောင်လို့ထွန်းထားတယ်။ နေ့ခင်းကြီးလင်းနေတာလို့ သွားပြော ရင် ဖွင့်ထားတဲ့အိမ်ရှင်က မကြိုက်တာရှိတယ်။ သူတို့တွေးတာက ဒီဓာတ်အားခ ကို အလကားသုံးတာမဟုတ်ဘူး၊ မီတာနဲ့ယူနစ်ဆောင်သုံးတာပဲလို့ မြင်တာရှိ လိမ့်မယ်။ ကျွန်တော်တို့လက်ရှိဖြန့်ဖြူးပေးနေတာက ဓာတ်အားကိုအမြတ်ရ အောင် ရောင်းပေးနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဌာနအနေနဲ့အရှုံးခံပြီး ဖြန့်ဖြူးပေးနေတာဆိုတော့ ဓာတ်အားကိုချွေတာသုံးစွဲနိုင်မှ၊ အလကားဖြုန်းတီး ပစ်မယ့် ယူနစ်တွေကို လိုအပ်နေတဲ့ညပိုင်းမှာသုံးလိုက်ရင် အကျိုးရှိပါတယ်။ မလိုအပ်ဘဲသုံးနေရင်သုံးတဲ့သူမှာလည်းအကျိုးမရှိသလို၊ နိုင်ငံတော်အတွက် လည်း ဆုံးရှုံးနေတယ်။ သုံးတဲ့သူကိုယ်တိုင်လည်း ဆုံးရှုံးနေတယ်ဆိုတာ သိဖို့အင်မတန်လိုပါတယ်။ အဲဒါတွေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိစေလိုပါတယ်။ ဒါမှလည်းလျှပ်စစ်ဓာတ်အားသုံးရာမှာ နည်းလမ်းမှန်ကန်မှာ ဖြစ်ပါတယ်။

မေး။ ။အခု နိုဝင်ဘာလကစပြီး မီတာခဈေးနှုန်းအပြောင်းအလဲအပေါ် အများသိအောင် ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့တစ်ယူနစ် ၃၅ ကျပ်ကနေ ၅၀ ကျပ်ပြောင်း လဲကောက်ခံမယ်ဆိုတာ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေချင်ပြီး လျှပ်စစ်ထုတ်လုပ်မှု၊ သုံးစွဲမှုအခြေအနေတွေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိစေချင် ပါတယ်။ အဓိကကတော့ အခြေခံလူတန်းစားတွေအနေနဲ့ ဈေးနှုန်းတက် သွားတာကိုမြင်ပြီး တစ်မျိုးမမြင်စေချင်သလိုဒီလိုတက်လိုက်လို့လည်း ထိခိုက်မှု တစ်စုံတစ်ရာ မရှိနိုင်ဘူးဆိုတာသိထားဖို့လိုပါတယ်။

မေး။ ။ မုံရွာမြို့စက်မှုဇုန်အတွက် လျှပ်စစ်ဓာတ်အားထပ်ပြီးတိုးဖို့ ဆောင်ရွက်ထားတာများရှိပါသလား။ ရှိရင်ဘာတွေဆောင်ရွက်ထားပါ သလဲခင်ဗျ။

ဖြေ။ ။ မုံရွာစက်မှုဇုန်ထဲက ဓာတ်အားလိုင်းကို တိုးဖို့မရှိသေးပါဘူး။ ဒါပေမယ့် အဓိက ၃၃/၁၁ကေဗွီ ထရန်စဖော်မာထဲကသွားနေတာဆိုတော့ အရင်က 5 MVA ထရန်စဖော်မာနှစ်လုံးရှိပါတယ်။ စက်မှုဇုန်အပြင် အဲဒီထရန်စဖော်မာနဲ့မိုးညှင်းသမ္ဘူဒွေ၊ ဗောဓိတစ်ထောင်တို့ထိပေးထားတာဖြစ် ပါတယ်။ အခု 5 MVA ထရန်စဖော်မာနေရာကို 10MVA ထရန် စဖော်မာနဲ့အသစ်ပြောင်းလဲအစားထိုးထားတာမကြာသေးပါဘူး။ ဓာတ်အား တွေလည်း နိုင်နိုင်နင်းနင်းပေးနေနိုင်ပါတယ်။ အရင်တုန်းကတော့နွေရာသီလို ဟာမျိုး ၂၄ နာရီပေးမယ်ဆိုရင် 5 MVA နှစ်လုံးမနိုင်တာနဲ့ပိုမပေးနိုင်တာပါ။ အခုကတော့ ဓာတ်အားတွေလာသလောက်ကိုခွဲပေးနိုင်ဖို့အတွက် ထရန် စဖော်မာတွေမနိုင်လို့ မပေးနိုင်ဘူးမဖြစ်ရအောင် ထရန်စဖော်မာအကြီးတွေ အစားထိုးလဲလှယ်ပေးနေတာဖြစ်ပါတယ်။ အခု လောလောဆယ်မှာတော့ မုံရွာစက်မှုဇုန်မှာ 5MVA နဲ့ 10MVA ထရန်စဖော်မာနှစ်လုံးက 15 MVA လျှပ်စစ်ဓာတ်အားတွေ ပေးဝေနေတာပဲဖြစ်ပါတယ်။ အဲဒီ 15 MVA တွေထဲက စက်မှုဇုန်၊ ရပ်ကွက်၊ ကျေးရွာတွေသုံးတဲ့အပြင် မိုးညှင်း၊ ဗောဓိတစ်ထောင်က 2 MVA လောက်သုံးနေတယ်ဆိုတော့ 13 MVA လောက်ကျန်နေပါသေးတယ်။ မုံရွာစက်မှုဇုန်တစ်ခုလုံးရဲ့သုံးစွဲအားက 4 မဂ္ဂါဝပ် 5 မဂ္ဂါဝပ်လောက်ပဲရှိတော့ ကျန်တဲ့ 13 MVA ထဲက 5 MVA လောက်ပဲသုံးသေးတော့ အများကြီးလျှပ်စစ် ဓာတ်အားကိုဆောင်းပြီးပေးထားနိုင်နေပြီဖြစ်ပါတယ်။ လိုအပ်ချက်ကဘာလဲဆို တော့ စက်မှုဇုန်လုပ်ငန်းလုပ်တဲ့သူတွေကို ပေးရမယ့်အချိန်၊ ဓာတ်အားပေးချိန် များများရရှိဖို့ပါ။ ဓာတ်အားပေးချိန်များဖို့အတွက်ဆိုရင် တစ်နိုင်ငံလုံးနဲ့လွှမ်းခြုံတဲ့ ဓာတ်အားပေးစနစ်မှာ ပေးနိုင်တဲ့စက်တွေများလာရင် အလိုအလျောက်စက်မှု ဇုန်ကိုလည်းထောက်ပံ့ပေးနိုင်မှာပဲဖြစ်ပါတယ်” ။

မျိုးဝင်းထွန်း(မုံရွာ)

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန-ဘားအံမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ
(က) ကုတင်(၁၀၀)ဆေးရုံ (၃)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ။
(ခ) (၅၀)နှင့်(၂၅)ခုတင် (၄)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ။
(ဂ) တိုက်နယ်ဆေးရုံ (၂၁)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ။
(ဃ) ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးဝါးကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ရက်(တနင်္လာနေ့) မှစ၍ ရုံးချိန်
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်နှင့်အချိန် - ၁၅-၁၁-၂၀၁၃ရက်(သောကြာနေ့) ည ၁၆း၀၀နာရီ
၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းအသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၅၈-၂၁၂၃၆ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၁၃)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကြီးကြပ်မှုအောက်မှ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ဓနိတော/ပဋနဂိုရ်/မန္တလေး/ချောက်)နှင့် သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲများ (မော်လမြိုင်/ပုသိမ်/ရွှေညောင်/ပျဉ်းမနား/ကျိုင်းတုံ/လားရှိုး/ ပြည်/စစ်တွေ/သံတွဲ/ မြိတ်/ ထားဝယ်/မင်္ဂလာဒုံလေယာဉ်ဆီ)တို့ရှိ အသုံးမပြုတော့သည့် တာယာအဟောင်း(၅၂၇၄)လုံးနှင့် ဘက်ထရီအဟောင်း(၁၁၅၀)လုံးအား မျက်မြင်အခြေအနေအတိုင်း နေရာဌာနအသီးသီးအလိုက် ရောင်းချမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါများကို ၃-၁၂-၂၀၁၃ရက် ၁၂း၀၀နာရီနောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။
၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၁-၂၀၁၃ရက်မှစတင်၍ ပစ္စည်းတည်ရှိရာဌာနများနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၁၁၄၉၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)
အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထုတ်လုပ်ရေးဌာနခွဲအား GMPနှင့်အညီ မွမ်းမံခြင်းလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)၏ ၂၀၁၃-၂၀၁၄ခု၊ ဘဏ္ဍာနှစ်အတွက် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး ထုတ်လုပ်ရေးဌာနခွဲ၏ ကုန်ထုတ်အဆောက်အအုံအား GMP နှင့်အညီ မွမ်းမံခြင်းလုပ်ငန်းများအတွက် ဆေးဝါးစက်ရုံတည်ဆောက်ရေးလုပ်ငန်းတွင် အတွေ့အကြုံရှိသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(က) တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၅-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) (ရုံးချိန်)
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၁၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄း၀၀နာရီ
(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန
၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅၊ ၀၁-၆၄၆၂၇၄၊ ၀၁-၆၃၉၅၁၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့၏ မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၏ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၅မိုင် ၅ဖာလုံ)အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၁၁-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၁၈-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်(စ်)၀၆၇-၄၁၀၄၃၁





ရှေးဟောင်းရုပ်ပွားတော်များအား ဖူးမြော်သူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာအတွင်း ကိန်းဝပ်စံပယ်တော်မူသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို အနယ်နယ်အရပ်ရပ်မှ လာရောက် ဖူးမြော်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"စနေ၊ တနင်္ဂနွေနေ့တွေဆိုရင် ဘုရားဖူးက တော်တော်များလို့ ကားကိုလည်း အပြင်ဘက်မှာအပ်ထားရတယ်" ဟု ဘုရားဖူးအငှားယာဉ်မောင်းတစ်ဦးက ပြောပြသည်။ ထိုဓမ္မရိပ်သာအနီးတွင် အနယ်နယ်အရပ်ရပ်မှလာရောက်ကြသော ဘုရားဖူးဧည့်သည်များကြောင့် အခကြေးငွေဖြင့် အပ်နှံနိုင်သော ကားပါကင်နေရာများ၊ ဈေးဆိုင်များ၊ ကယ်ရီများ များပြားစွာရှိလာကြောင်း၊ ကားပါကင်နေရာ တစ်ခုစာ တစ်စီးလျှင် ငွေကျပ် ၂၀၀ ဖြင့် အပ်နှံလက်ခံခြင်းရှိပြီး အများစုသည် တစ်စီးလျှင် ကျပ် ၅၀၀ ဖြင့် လက်ခံကြကြောင်း သိရသည်။

ထိုဓမ္မရိပ်သာအတွင်း ဗိမာန်ကျောင်းပေါ်၌ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို အပူဇော်ခံထားရှိပေးကာ ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၇ နာရီမှ ညနေ ၆ နာရီထိ ဖူးမြော်ခွင့်ပေးထားပြီး တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် ပိတ်ထားကြောင်း၊ ရှေးဟောင်းရုပ်ပွားတော်များကို ဓာတ်ပုံ၊ ဗီဒီယို၊ ကင်မရာ၊ တယ်လီဖုန်းများဖြင့် ရိုက်ကူးခွင့်မပေးဘဲ တားမြစ်ထားကြောင်း သိရသည်။

ထိုတားမြစ်ထားသောအရာများကို လိုက်နာကာ စည်းကမ်းတကျဖြင့် တန်းစီဝင်ရောက်ရန် ဗီနိုင်းဆိုင်းဘုတ်များဖြင့် အသိပေးထားခြင်းများရှိပြီး ကုသိုလ်ဖြစ် လာရောက်လုပ်အားပေးသူများလည်းရှိကြောင်း၊ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ပေါင်း ၃၀၀ ဆူရှိပြီး ဆုတောင်းပြည့်ခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြခြင်း ဖြစ်သည်။

"စနေ၊ တနင်္ဂနွေနေ့တွေမှာဆိုရင် ဆရာတော်ကိုလည်း ဖူးမြော်ခွင့်ရလို့ လာကြတာများပါတယ်။ ကျောင်းဆောင်အပေါ်ထပ်မှာ နှစ်ပေါင်း ၂၆၀၀ သက်တမ်းရှိတဲ့ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူကိုလည်း ဖူးမြော်ခွင့်ရခဲ့တယ်" ဟုသွားရောက်ဖူးမြော်ခဲ့သူတစ်ဦးက ပြောပြသည်။

ထိုသို့ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခွင့် မပြုခြင်းမှာ ရုပ်ပွားတော်များသည် နှစ်ပေါင်းများစွာ ကြာမြင့်သောကြောင့် ယင်းသို့ လုပ်ဆောင်သည့်အတွက် ရောင်ခြည်ဒဏ်များ၊ သံလိုက်လှိုင်းများ၏ဒဏ်များက ရေရှည်တည်တံ့မှုအား ထိခိုက်မည် စိုးရိမ်ခြင်းကြောင့် အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဆရာတော်ကြီးက ဘုရားဖူးများကို တားမြစ်ချက်များ ထုတ်ပြန် ထားခြင်းဖြစ်ကြောင်း သိရသည်။

(၆၈၀)

ခွေးရူးပြန်ရောဂါကြိုတင်ကာကွယ်

ရန်ကုန် နိုဝင်ဘာ ၁

ယခုနှစ်အတွင်း ခွေးရူးရောဂါနှင့် ပတ်သက်၍ အသိပညာပေးမှု၊ ကြိုတင်ကာကွယ်ဆေးထိုးမှု၊ ခွေးလေခွေးလွင့်များ သုတ်သင်ရှင်းလင်းမှုများရှိသော်လည်း ခွေးရူးရောဂါဖြင့် အသက်ဆုံးရှုံးမှုများရှိသေးကြောင်း ရန်ကုန်မြို့ ရန်ကင်းနေ ပြည်သူတစ်ဦးက ဆိုသည်။

မကြာခဏ ခွေးရူးပြန်ရောဂါဖြင့် အသက်ဆုံးရှုံးရမှုများ၊ ဖော်ပြမှုများရှိလာသည်မှာ ခွေးရူးပြန်ရောဂါ ကာကွယ်ရေးအတွက် ကြိုတင်လုပ်ဆောင်မှုလိုအပ်နေသေးကြောင်း ပြဆိုနေခြင်းဖြစ်သည်ဟု ကျန်းမာရေးလုပ်သားတစ်ဦးက ဆိုသည်။

သို့ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးတွင် ကုရာနတ္ထိဆေးမရှိသည့် ခွေးရူးရောဂါဆိုးဖြင့် အသက်ဆုံးရှုံးမှုများ ထပ်မံမဖြစ်ပေါ်ရအောင် သက်ဆိုင်ရာမှ လုပ်ဆောင်ပေးနေသော ခွေးလေခွေးလွင့် သုတ်သင်ရှင်းလင်းရေးအတွက် ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းများကို ပိုမိုထိရောက်လာအောင် ဝိုင်းဝန်းကူညီပေးခြင်းဖြင့် လူသားများ ကြိုတင်ကာကွယ်နိုင်သည့် ရောဂါဖြင့် သေဆုံးရခြင်းမျိုး ပပျောက်စေသင့်ပြီဖြစ်သည်။ မကြာမီ ခွေးရူးနိုင်သည့် နွေကာလရောက်ရှိတော့မည်ဖြစ်ပြီး ကူးစက်တတ်သည့်အတွက် အန္တရာယ်ရှိသော ရောဂါအဖြစ် ရှုမြင်ကာ ကာကွယ်ရန်လိုအပ်နေကြောင်း ပြောဆိုမှုများလည်းရှိနေကြောင်း သိရသည်။

(မောင်စေအောင်)

ကျိုက်မရောမြို့နယ် စပါးမျိုးသန့်ဇုန်၌ မျိုးသန့်စင်ခြင်းနှင့် မျိုးခွဲပယ်ခြင်းပြုလုပ်

မော်လမြိုင် နိုဝင်ဘာ ၁

စိုက်ပျိုးရေးထုတ်ကုန်များတိုးတက်မြင့်မားရေးအတွက် အထွက်နှုန်းကောင်းမျိုးကောင်းမျိုးသန့်များအသုံးပြုခြင်း၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအသုံးပြုခြင်း၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်အချိုးကျအသုံးပြုခြင်း၊ အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှုနည်းအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး စပါးခင်းများ မျိုးခွဲပယ်ခြင်း၊ မျိုးသန့်စင်ခြင်းများကို အပင်ပွားချိန်၊ ပန်းပွင့်ချိန်၊ အနှံထွက်ချိန်များတွင် စနစ်တကျပြုလုပ်ပါက စပါး ၂၀ ရာခိုင်နှုန်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ကျိုက်မရောမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်ဦးက အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ခရုံကျေးရွာရှိ စပါးမျိုးသန့်ဇုန်၌ပြုလုပ်သော စပါးမျိုးသန့်စင်ခြင်း၊ မျိုးခွဲခြင်းအခမ်းအနားတွင် ပြောသည်။

အဆိုပါ ကျိုက်မရောမြို့နယ် ခရုံကျေးရွာရှိ မျိုးသန့်စိုက်ဧက ၅၀ တွင် ပေါ်ဆန်းမွှေးစပါးကို ဒေသအကြိုက် တွက်ခြေကိုက်ခြင်းကြောင့် တောင်သူအများစုက စိုက်ပျိုးကြကြောင်း၊ ကျိုက်မရောမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၄၆ အုပ်စုရှိပြီး၊ စပါးစိုက်လယ်မြေဧက ၄၇၆၈၆ဧကရှိကာ တောင်သူများအနေဖြင့် စံပြစိုက်ခင်းမှ မျိုးခွဲပယ်ခြင်း၊ မျိုးသန့်စင်ခြင်းများကို မိမိလယ်ယာမြေတွင် ပြန်လည်လုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

(၆၉၄)

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အမှတ်(၈)အထည်စက်ရုံခွဲ၊ ဝါကြိတ်စက်ရုံ(ရမည်းသင်း)၏
မြေ၊ အဆောက်အအုံနှင့် စက်နှင့်စက်ပစ္စည်းများ ငှားရမ်းရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် တည်ရှိသော အမှတ်(၈)အထည်စက်ရုံခွဲ၊ ဝါကြိတ်စက်ရုံ(ရမည်းသင်း)၏ မြေ၊ အဆောက်အအုံနှင့် စက်နှင့်စက်ပစ္စည်းများအားငှားရမ်းလိုပါသဖြင့် စိတ်ဝင်စားသူ ပုဂ္ဂလိကပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များထံမှ ဈေးနှုန်းတင်သွင်းရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ပါသည်-

(က) ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက် - ၁-၁၁-၂၀၁၃ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၂-၁၂-၂၀၁၃ရက်
(ဂ) ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅၊ ၄၀၈၁၅၆

တင်ဒါကြော်ငြာနှင့်စည်းကမ်းချက်များကို စက်မှုဝန်ကြီးဌာန၏ Website:www.myanmarindustry2.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၇)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ သာကေတဓာတ်အားပေးစက်ရုံရှိ ချွတ်ယွင်းသွားသော 33/11KV, 5MVA Transformer (၂)လုံးအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို၍ ပြန်လည်ပြုပြင်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၁-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၉-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၄၊ မြေကွက်အမှတ် ၆၄၉/က၊ မြေကွက်တည်နေရာအမှတ်(၆၄၉/က)၊ ပြည်သာယာလမ်း(၁၆/၄)ရပ်ကွက်၊ သယ်န်းကျွန်း ဦးမျိုးလှ[၁၂/သဃက(နိုင်) ၀၂၆၇၄၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမျိုးလှ(ဖခင်)နှင့် ဒေါ်ခင်သန်းနွဲ့(မိခင်)တို့ ကွယ်လွန်သဖြင့် ၁။ ဦးရဲမြင့် [၁၂/သဃက(နိုင်)၀၀၃၂၁၇]၊ ၂။ ဦးအောင်ကျော်စိုး[၁၂/သဃက(နိုင်)၀၅၆၂၇၈]တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
ယခင်အထည်စက်ရုံအမှတ်(၁၀)၊ ရုံခွဲ(၄) မြောက်ဥက္ကလာ၏
မြေနှင့်အဆောက်အအုံများအား ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အမှတ်(၃၁၅/၆၆၁)၊ မဓာဝီလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တွင်ရှိသော ယခင်အထည်စက်ရုံအမှတ်(၁၀)၊ ရုံခွဲ(၄)၏ မြေနှင့် အဆောက်အအုံများအား ငှားရမ်းလိုပါသဖြင့် စိတ်ဝင်စားသူပုဂ္ဂလိက ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များထံမှ ဈေးနှုန်းတင်သွင်းရန်အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ပါသည်-

(က) ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက် - ၁-၁၁-၂၀၁၃ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၂-၁၂-၂၀၁၃ရက်
(ဂ) ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅၊ ၄၀၈၁၅၆

၂။ တင်ဒါနှင့်စည်းကမ်းချက်များကို စက်မှုဝန်ကြီးဌာန၏ Website:www.myanmarindustry2.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၇)

အလင်းရောင်

သစ်ပင်ချစ်(Env Eng)

ကျွန်တော်တို့တစ်တွေသည် သဘာဝမှပေးသည့် နေနှင့်လ အလင်းရောင်တို့အပြင် လူသားတို့ဖန်တီးထားသောအရင်းအမြစ်များမှ အလင်းရောင်များစွာရရှိသည်။ သို့သော် ကျွန်တော်တို့တစ်တွေ၏ အတောမသတ်နိုင်သော လိုအင်ဆန္ဒများကြောင့် အလင်းရောင်ရရှိနိုင်မှု အရင်းအမြစ်များကို တီထွင်လာခဲ့ကြသည်။

ဖန်တီးထားသော အလင်းရောင်ညစ်ညမ်းမှုကို လေးမျိုးခွဲခြားနိုင်သည်။

(၁)မြို့ကြီးများတွင် မီးမောင်းထိုးမှုကြောင့်သဘာဝ ကြယ်ရောင်မမြင်နိုင်ခြင်း(Urban sky- glow)၊

(၂) အလင်းရောင်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်မှု ဥပမာ- ဘေးအိမ်ခြံဝင်းမှ မီးရောင် အိပ်ခန်းတွင် ဝင်လာခြင်း(Light trespass)၊

(၃) စူးရှသောမီးအိမ်မှ ထွက်သည့်အလင်းရောင် (Glare)၊

(၄) မီးထိန်လင်းစွာထွန်းညှိခြင်း (Clatter) တို့ဖြစ်သည်။

အဆိုပါလေးခုတွင် နံပါတ် (၁)နှင့် (၄)သည် ကြယ်ရောင်မြင်တွေ့နိုင်ခွင့်ကို လျော့နည်းစေသည်။ ကျေးလက်တွင် နေထိုင်သူတစ်ဦးသည် ကြယ်ပေါင်း ၂၀၀၀ ခန့် မြင်တွေ့ခွင့်ရနိုင်သော်လည်း မြို့ပြတွင် နေထိုင်သူတစ်ဦးအနေဖြင့် အနည်းငယ်မြင်တွေ့ခွင့်ရခြင်းသည်ပင် အလွန်ကံကောင်းနေပေမည်။ (မြို့ကြီးများတွင် မီးမောင်းထိုးမှုကြောင့် သဘာဝကြယ်ရောင်မမြင်နိုင်ခြင်း) Urban sky-glow ကြောင့် ကောင်းကင်ကို မိုင်၅၀ (၈၀ ကီလိုမီတာ) အထိသာမြင်နိုင်မည်ဖြစ်သည်။ ထို့အတူ အလင်းညစ်ညမ်းမှုကြောင့် နက္ခတ္တဗေဒလေ့လာသူများအတွက် ဂြိုဟ်သစ်၊ ကြယ်စုကြယ်ဝေးအသစ်ရှာဖွေရာတွင် အနှောင့်အယှက်ဖြစ်စေပါသည်။ အမေရိကန်နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းသည် နဂါးငွေ့တန်းဂလက်ဆီကို မိမိအရပ်ဒေသမှာမမြင်တွေ့နိုင်ဟုဖော်ပြထားသည်။

ကျွန်တော်တို့ထွန်းလိုက်သော အလင်းရောင်သည် မည်သည့်နေရာများသို့ ရွေ့လျားသွားပါသနည်း။(၁) မြေပြင်ကို ထိရိုက်ကာအပေါ်ဘက်သို့ အလင်းပြန်တက်သွားသည်။ (၂) လိုအပ်သောနေရာသို့ရောက်ရှိသည်။ (၃) အပေါ်သို့ တိုက်ရိုက်ဖြန့်ကြက်သွားသည်။ (၄) တခြားလိုနေသောနေရာသို့ ရောက်ရှိသွားသည်။ (၅) ပြတင်းပေါက်မျက်နှာပြင်ကိုထိရိုက်ကာ အလွန်အမင်းစူးရှသောအလင်းပြန့်သွားခြင်းတို့ဖြစ်သည်။ စူးရှသောမီးရောင်အလွန်အကျွံထွန်းခြင်းကြောင့် ညအမြင်အာရုံချို့တဲ့ခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အတူ လူသားတို့နေထိုင်မှုဟန်ချက်ပျက်စီးသွားနိုင်ခြင်း (carcadian rhythm) ကြောင့် အိပ်မပျော်သောရောဂါ၊ စိတ်ကျရောဂါ၊ ကင်ဆာရောဂါနှင့် နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ အိပ်စက်မှုဟန်ချက်ဆိုင်ရာဟော်မုန်းဖြစ်သည့် (Melatonin) အပေါ်တွင်လည်း အကျိုးသက်ရောက်စေပါသည်။ ၎င်းဟော်မုန်းသည် အမှောင်ထဲတွင်သာထုတ်လွှတ်ပြီး အလင်းညစ်ညမ်းမှုကြောင့် ထုတ်လုပ်မှုလျော့နည်းစေကာ စည်းချက်ပျက်စီးစေသည်။ အိပ်စက်သည့်အခါတွင်လည်း မလိုအပ်ဘဲ မီးထွန်းအိပ်စက်ခြင်းကြောင့် ခေါင်းကိုက်ခြင်း၊ မျက်စိနာခြင်း၊ စိတ်ဖိစီးမှုများစေခြင်း၊ ရင်သားကင်ဆာဖြစ်စေနိုင်ခြင်းနှင့် အဝလွန်စေနိုင်ပါသည်။

ကျေးငှက်တိရစ္ဆာန်များသည် ဇီဝစနစ်ဟန်ချက်ညီစေရေးအတွက် တစ်ဖက်တစ်လမ်းမှပါဝင်သလို အရေးပါလှသည်။ အလင်းညစ်ညမ်းမှုကြောင့် ကျေးငှက်တိရစ္ဆာန်များအပေါ်တွင်လည်း ထိခိုက်ပျက်စီး သေစေနိုင်ပါသည်။ ညပိုင်းလှုပ်ရှားသွားလာသည့် သမင်၊ လင်းနို့နှင့် မြေခွေးနီတို့အပေါ်တွင် အစားအစာရှာဖွေရန်ခက်ခဲခြင်းနှင့် သားကောင်များ၏ ဖမ်းဆီးစားသောက်ခြင်းကိုခံကြရသည်။ တွားသွားသတ္တဝါများဖြစ်သည့် ဖား၊ ကင်းလိပ်ချောစသည့်တို့၏အရေအတွက်လျော့နည်းလာခြင်း၊ ခန္ဓာကိုယ်အလေးချိန်လျော့ကျလာခြင်း၊ သားကောင်ဖမ်းဆီးစားသောက်ရာတွင်လည်း ဝေဝါးကာ ရန်ပြုလာတတ်ကြသည်။ ကျွန်တော်တို့အနီး လမ်းမီးတိုင်တွင် ပျံသန်းနေသောအင်းဆက်ပိုးမွှားများကို လူတိုင်းမြင်တွေ့ဖူးကြပေမည်။ ၎င်းအရာသည် အလင်းညစ်ညမ်းမှု၏ အကျိုးဆက်ပင်ဖြစ်သည်။ ပိတုန်းနှင့်လိပ်ပြာတို့သည် အလင်းညစ်ညမ်းမှုကြောင့် သားကောင်များ၏ အလွယ်တကူဖမ်းယူစားသောက်ခြင်းကိုခံရကာ အရေအတွက်လျော့နည်းလာသည်။ ပိတုန်းတို့သည် ညပိုင်းပွင့်သောပန်းများအား ဝတ်မှုန်ကူးပေးသောတာဝန်ကို ထမ်းဆောင်သောကြောင့် ၎င်းနှင့်ဆက်သွယ်သော ပန်းပင်တို့သည် မျိုးသုဉ်းခြင်းနှင့်ရင်ဆိုင်နေရသည်။ ထို့အတူ အခြားတိရစ္ဆာန်များအတွက်လည်း အစာရရှိမှုအရင်းအမြစ်လျော့ကျသွားမည်။

အကယ်၍ အလင်းညစ်ညမ်းမှုဒဏ်ကို ခံစားရပါမူ ကျေးငှက်များ ဦးစွာပထမ ခံစားရပေမည်။ ဆောင်းခိုငှက်အများစုသည် ကြယ်ရောင်၊ လရောင်များကို မြေပုံလမ်းသဖွယ်မှတ်သားကာ နေရာရွှေ့ပြောင်းကြသည်။ ငှက်မျိုးစိတ်ပေါင်း ၄၅၀ ခန့်သည် မြောက်အမေရိကတိုက်သို့ ညပိုင်းတွင်နေရာရွှေ့ပြောင်းကြသည်။ ငှက်ပေါင်းသန်း ၁၀၀ ခန့်သည် မီးထိန်လင်းစွာထွန်းညှိထားသော အဆောက်အအုံ မှန်ပြတင်းပေါက်များနှင့် ဝင်တိုက်ကာ သေဆုံးကြသည်။ မီးထိန်လင်းစွာထွန်းညှိ ထားသော အဆောက်အအုံများသည် ငှက်တို့အား ဆွဲဆောင်မှုပြုသောကြောင့် မိမိတို့သွားလိုသောနေရာသို့ မရောက်ရှိဘဲအဆောက်အအုံကိုပတ်ကာ အမောဆို့ရင်း သေဆုံးကြပြန်သည်။

ကျွန်တော်တို့သိရှိပြီးသည့်အတိုင်း ပင်လယ်လိပ်များသည် အလင်းညစ်ညမ်းမှုကြောင့်မျိုးသုဉ်းပျောက်ကွယ်မှုအခြေအနေသို့ရောက်ရှိနေသည်။ ပင်လယ်လိပ်များသည် လမိုက်ညများတွင် ကမ်းခြေသို့လာရောက်ကာ ဥဥကြသည်။ ပင်လယ်ကမ်းခြေတွင် ထိန်လင်းစွာထွန်းညှိထားသော အလင်းရောင်များကြောင့် ဥမဥဘဲရှိနေကြသည်။ ဥများအကောင်ပေါက်သော် ၎င်းအကောင်ပေါက်ကလေးများသည် လရောင်ကိုအမှီပြုကာ ပင်လယ်သို့သွားကြသည်။ သို့သော် ညမီးရောင်များသည် ကားလမ်းမပေါ်သို့ ဦးတည်သွားစေသော်လည်း တခြားတစ်နေရာသို့ ဦးတည်သွားလာရင်း မောကာသေဆုံးရပြန်သည်။

အလင်းညစ်ညမ်းမှုသည် လေထုညစ်ညမ်းမှုနှင့် ဆက်နွယ်နေသည်။ အလင်းရောင်ရရှိရန် လောင်စာများကိုအသုံးပြုရာ ယင်းလောင်စာများမှ ဖန်လုံအိမ် အာနိသင်ဖြစ်ပေါ်စေသော ဓာတ်ငွေ့များကို ထုတ်လွှတ်ပေးသည်။ အလင်းညစ်ညမ်းမှုကို ဖြေရှင်းပေးနိုင်သည့်နည်းလမ်းများစွာရှိသည်။ ဦးစွာပထမအနေဖြင့် ယင်းနှင့်ပတ်သက်သည့်အသိပညာဗဟုသုတများရှိရန် လိုအပ်သလိုဝေမျှပေးခြင်းသည်လည်းအလွန်အရေးပါလှသည်။

- ပြင်ပအလင်းရောင်များ ဝင်ရောက်မှုမရှိအောင် ကာဆီးထားပါ။
- လိုအပ်သည့်အချိန်တွင်သာ မီးထွန်းပါ။
- မှိန်ပြပြအလင်း(သို့) အာရုံခံစားမှုပါရှိသော မီးသီးများတပ်ဆင်ပါ။
- မိမိပတ်ဝန်းကျင်နှင့်အတူ အလင်းညစ်ညမ်းမှုဖြစ်ခြင်းမှ ကာကွယ်ပါ။
- စွမ်းအင်ချွေတာသလို သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှု လျော့နည်းသော Light emitting diodes (LED) မီးသီးနည်းပညာဖြင့် ပြုလုပ်ထားသောအနီရောင်၊ အဝါရောင်မီးသီးများ အသုံးပြုပါ။

ကျွန်တော်တို့နိုင်ငံတွင် စွမ်းအင်လိုအပ်မှုကြောင့် ကျေးလက်နှင့်မြို့ပြတွင် အလင်းညစ်ညမ်းမှုများစွာ မဖြစ်ပေါ်သေးသော်လည်း နောင်လာမည့်နှစ်အနည်းငယ်အတွင်း တစ်ရှိန်ထိုးတိုးမြင့်လာပေမည်။ ကုသခြင်းသည် ကြိုတင်ကာကွယ်ခြင်းထက် ပို၍ကောင်းသည်ဆိုသည့်အတိုင်း လာမည့်အနာဂတ်တွင် တခြားဖွံ့ဖြိုးပြီးနိုင်ငံများနည်းတူ ထပ်တူရင်ဆိုင်ရမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။ ညကောင်းကင်ကိုရှင်သန်စေရန်အတွက် မီးမထွန်းရဟုဆိုလိုခြင်း မဟုတ်ပေ။ အလင်းရောင်ကို လိုအပ်သည့်နေရာထိထိမိမိနှင့် အကျိုးရှိအောင် အသုံးပြုတတ်စေရန်ဖြစ်သည်။ ။

စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇဝန၊ မြေကွက်အမှတ်(၃၂၂)၊ မြေကွက်တည်နေရာအမှတ်(၂၄)၊ သီရိရောလမ်း၊ ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (ဦးလှမြင့်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှမြင့်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်မမကြီး[၁၂/သဃက(နိုင်)၀၄၇၁၃၅]က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက် ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/သမိုင်း၊ မြေကွက်အမှတ်(၈/က^၇၂)အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်(၈/က^၇၂)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဒေါ်တိုးကြည်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တိုးကြည်[၁၂/မရက(နိုင်)၀၆၃၅၂၅]မှ ဂရန်အထောက်အထားတင်ပြ၍ အဆောက်အအုံဆောက်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၀(က+ခ)၊ မြေကွက်အမှတ်(၇၈၀)၊ မြေကွက်တည်နေရာအမှတ်(၂၇)၊ မာလာမြိုင်(၂)လမ်း၊ ၁၆ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ဒေါ်အုန်း)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်အုန်းနှင့်ဖခင် ဦးသာမြိုင် ကွယ်လွန်သဖြင့် ဒေါ်ခင်သန်းအေး[၁၂/လမန(နိုင်)၀၁၀၃၄၅]က သမီးဖြစ်သူ ၎င်းတစ်ဦးတည်းကိုသာ မွေးဖွားကြောင်းနှင့် ၎င်းတစ်ဦးတည်းသာလျှင် အမွေဆက်ခံခွင့်ရှိကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်စံပြ၊ မြေကွက်အမှတ်(၆၀)၊ မြေကွက်တည်နေရာ အမှတ်(၆၀)၊ စံပြ(၆)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (ဦးကျော်ရှိန်)[၁၂/သဃက(နိုင်)၀၅၅၂၃၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ရှိန်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ကြည်အေး[၁၂/သဃက(နိုင်)၀၅၄၈၇၃]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း GP No-၁၄၀၂၃/၁၂-၈-၂၀၁၃ရသူ ဒေါ်ဖူးဖူးထက်[၁၂/လသယ(နိုင်)၀၄၇၂၆၆]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြလျက် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ်(၁၃၃/ခ)၊ မြေကွက်တည်နေရာအမှတ် (၂၀)၊ရန်ပြေ(၉)လမ်း၊ (၃/ရန်ပြေရပ်ကွက်)၊ သာကေတမြို့နယ် (ဦးသာမောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသာမောင်(ဖခင်)နှင့် ဒေါ်ခင်စိန်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ဌေးဌေး[၁၂/ဒလန(နိုင်)၀၃၃၅၀၂]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၈၈၉/၁၃)ရရှိသူ ဒေါ်သန်းခွဲ[၁၂/သကတ(နိုင်)၁၀၀၈၃၁]မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၅၃၈၊ မြေကွက်တည်နေရာအမှတ်(၅၃၈)၊ (ဦးလှကြည်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှကြည်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၃၀၁၃(၉-၁၀-၀၁ ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ခင်ရွှေ(ခင်ပွန်း)ဦးငွေလွင် (သား)ဦးညီညီဌေး(လူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်ကြသဖြင့် ဦးညီညီအောင်[၁၂/ဥကတ(နိုင်)၀၄၆၇၆၈]၊ ဦးရေချမ်း[၁၂/ဥကတ(နိုင်)၀၄၆၇၈၂]တို့က သားများတော်စပ်ကြောင်း ကျမ်းကျိမ်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆-အနောက်ရပ်ကွက်၊ ဝေဇယန္တာအနောက် (၁၂)လမ်း၊ အမှတ်(၅၇၄-ခ)၊ ပေ (၂၀×၆၀) အိမ်၊ခြံ၊မြေအား လက်ရှိပိုင်ဆိုင်သူ ဦးဇော်ဌေး[၁၂/သကတ(နိုင်)၀၈၃၄၄၉]ထံမှ ကျွန်တော် ဦးထွန်းရွှေ[၁၂/သကတ(နိုင်)၀၉၆၉၃၈]သည် အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းရွှေ[၁၂/သကတ(နိုင်)၀၉၆၉၃၈]
ဖုန်း-၀၉-၇၃၁၉၀၃၄၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/က၊မြေကွက်အမှတ်-၁၀၈/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၈/ခ၊ ရွှက်ဝါလမ်း၊(၁၉/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(ဦးခင်မောင်ဌေး)[၁၂/ဥကတ(နိုင်)၁၂၇၂၄၃] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်မောင်ဌေးထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ဝေဝေလတ်[၁၂/ဒဂတ(နိုင်)၀၇၈၁၅၉]မှမြေချပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကိုမ်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီးပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အနောက်)၊ လူနေရပ်ကွက်အမှတ်-မြခွာညိုအိမ်ရာ၊ မြေကွက်အမှတ် (၅၃-က)၊ အကျယ်အဝန်း (၉၉ပေ-၆လက်မ/၁၀၀ပေ × ၈၀ပေ/၈၅ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဧရာဝဏ်လမ်းမ၊ မြခွာညို ဝါဝါဝင်းအဆင့်မြင့်အိမ်ရာ၊ တံတိုင်းမွှေးလမ်း၊အမှတ်(၅၃-အေ)ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကောင်းဆက်ဇော်[၁၄/ကပန(နိုင်)၁၃၈၁၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သီတာအုန်း(စဉ်-၆၃၀၇) တရားလွှတ်တော်ရှေ့နေ
တိုက်(၃၂)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉

စစ်ကိုင်းအသင်း(ရန်ကုန်)

စစ်ကိုင်းအသင်း(ရန်ကုန်)၏ ၂၉ ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲကို ၉-၁၁-၂၀၁၃ (စနေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း၊ အလယ်တောရစံပြစာသင်တိုက်အတွင်းရှိ အရှေ့ဦး ဓမ္မဗိမာန်တော်၌ ပင့်သံဃာ(၁၂)ပါးအား ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ စစ်ကိုင်းအသင်းသူအသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ အတူတကွ ပါဝင်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးဘိုနောင်	၀၉ ၈၆၃၂၅၄၉	ဒေါ်မြင့်မြင့်စန်း	၀၉ ၅၀၇၆၈၃၂
ဦးသန်းမြင့်	၀၉ ၄၉၃၆၆၀၀၉	ဒေါ်လွင်လွင်	၀၉ ၅၀၂၄၄၆၃
ဒေါ်အေးအေးမြင့်	၀၁၅၄၉၁၂၉	ဒေါ်မြင့်မြင့်သောင်း	၀၉ ၅၀၂၁၁၁၀

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)
ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲဖိတ်ကြားလွှာ

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြို့နယ်သူ၊ နယ်သားများနှင့် အသင်းသား၊ အသင်းသူများ အသင်း၏မိတ်ဆွေသင်္ဂဟများလှူဒါန်းတက်ရောက်နိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၉-၁၁-၂၀၁၃ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် (၁၀း၀၀) နာရီ
ကျင်းပမည့်နေရာ - ပဲခူးမြို့နယ်အသင်းတိုက်ခန်းမ၊ အမှတ် ၁၀/၁၁ ဒုတိယထပ်၊ ကန်တော်ကလေးလမ်း (အောင်ဆန်းကွင်း မြောက်ဘက်ခြမ်း) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်လှူဒါန်းနိုင်ရန် - ဒုတိယဗိုလ်မှူးကြီး ညွန့်ဇော်(အငြိမ်းစား) ဥက္ကဋ္ဌ ၀၁-၅၃၆၄၆၄၊ ဦးဟန်ကြူ ဒု-ဥက္ကဋ္ဌ ၀၉ ၅၁၂၀၂၃၇၊ ဦးသိမ်းလွင် ဒု-ဥက္ကဋ္ဌ ၀၅၂-၂၄၂၂၁၊ ဦးဝင်းမြင့်(အတွင်းရေးမှူး) ၀၁-၅၈၀၀၃၂၊ ဦးမောင်မောင် (တွဲဖက်အတွင်းရေးမှူး) ၀၅၂-၂၂၈၁၂၊ ဦးခင်စိုး(ဘဏ္ဍာရေးမှူး) ၀၁-၄၀၀၁၄၂၊ ပဲခူးမြို့နယ်အသင်း (ရန်ကုန်) ၀၁-၃၇၈၃၀၅

အမှုဆောင်အဖွဲ့

နှစ်(၄၀)ပြည့် ၁၉၆၇-၁၉၇၃
ရန်ကုန်စက်မှုတက္ကသိုလ်(စက်မှုအင်ဂျင်နီယာ)ကျောင်းသား၊ ကျောင်းသူများ၏ဆရာပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

ဆရာပူဇော်ကန်တော့ပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ် (ကြို့ကုန်း)၌ ၁-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ၉ နာရီမှ ၁၂ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေထည့်ဝင်လိုပါက ဦးဇော်ဝင်း ၀၉ ၅၁၄၈၇၉၀၊ ၀၁၆၆၁၅၆၅၊ ဗိုလ်မှူးကြီး ခင်မောင်လတ်(ငြိမ်း) ၀၉ ၅၁၅၂၈၂၁၊ ဦးအောင်မောင်း ၀၉ ၅၁၂၆၂၇၆၊ ဦးလှဝင်း ၀၉-၅၁၉၇၆၂၁၊ ဦးကြင်မော် ၀၉ ၅၁၄၃၆၉၉ တို့ထံသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။

LADY LIGHT

FOR WORKING MOMS! KEEN

ENRICH YOUR ENGLISH FOR THE BRIGHTER FUTURE!

Opening in November

IELTS/Conversational English/English for Workers

ENGLISH Conversation Practice

ACCOUNT CARE GROUP

S.A COURSE

ဝန်ထမ်းအလိုရှိသည်
"ခိုင်လီ" စားသောက်ဆိုင်

၁။ စာရေး	မ(၅)ဦး
၂။ Waiter	ကျား(၂၀)ဦး
၃။ စားဖိုအကူ	မ(၅)ဦး
၄။ စားဖိုမှူးအကူ (ခေါက်ဆွဲ)	ကျား(၅)ဦး

အမှတ်စဉ်(၁)အတွက် ၁၀တန်းအောင်မြင်ပြီး ကွန်ပျူတာကျွမ်းကျင်ရမည်။
အသေးစိတ်သိရှိလိုပါက-
"ခိုင်လီ" စားသောက်ဆိုင်၊ ကမ္ဘာအေးစေတီလမ်း၊
Sedona Hotel ရှေ့၊ မြကျွန်းသာဥယျာဉ်ဝင်းအတွင်း။
ဖုန်း-၀၉-၉၁၀၅၆၆၁၄၊ ၀၉- ၂၅၀၀၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရောင်းမည်(အရောင်ရွေးရန်ရှိ)

၁ AD (1300 CC)	105 သိန်း
၂ AD (1500 CC)	115 သိန်း
၃ PROBOX (1500 CC)	125 သိန်း
၄ CC/-- (မန်းလိုင်စင်) (၃ စီး)	

Ph: 01-503487, 09 8636700

ယာဉ်မောင်းအလိုရှိသည်

ဘုရားဖူးကားကြီးများအား
ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
ပညာအရည်အချင်းအသင့်အတင့်ရှိရမည်။
ဖုန်း- ၀၉-၂၅၀၀၇၀၆၂၆၊
၀၉၇၃၂၃၅၈၈၅

No.1 Millionaire Mind

No.1

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၈၁) B.Ed 81

ဦးမြင့်စိန်	730-60911	ဒေါ်မာမာသိမ်း	86-36683
ဦးတင့်ဆွေ	51-04016	ဒေါ်ခင်စန်းမြင့်	731-20787
ဦးကျော်မြိုင်ဦး	53-94568	ဒေါ်အေးအေးမူ	50-11278
ဦးသန်းအောင်အောင်	50-38233	ဒေါ်မြင့်မြင့်ရွှေ	51-73146
ဦးစိုးဝင်း	4440-12177	ဒေါ်ဆွေဆွေမြင့်	730-49102
ကျိုး(ပညာရေး)	2501-73116	ဒေါ်ဆွေဆွေဝင်း	49-450750

ခင်နဒီ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်
တန်ဆောင်မုန်းလအထူးခရီးစဉ်
ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ၊ ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရားနှင့် ပဲခူးဘုရားစုံ။
(၈-၁၁-၂၀၁၃) ညမှ (၁၀-၁၁-၂၀၁၃) ညအထိ (တစ်ညအိပ်နှစ်ရက်ခရီး)
ဖုန်း-၀၉-၅၁၄၇၇၁၊ ၀၉-၄၃၁၂၄၉၂၂၊ ၀၁-၈၅၅၀၉၆၃

မိဘအမည်မှန်
မောင်ဇင်ထက်အောင် [အလက(၂) ပုဇွန်တောင်] အဌမတန်း၏ ဖခင်မှာ ဦးလှငွေ၊ မိခင်မှာ ဒေါ်ကျင်ထွေး ဖြစ်ပါကြောင်း။

ဦးဇော်မြင့် B.A (Korean) Y.U.F.L
E.P.S TOPIK

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၄)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ်(၂၅၁)၊ ပါမစ်မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၄)၊ ရာဇဓိရာဇ်လမ်း၊မြေကွက်အမှတ်(၂၅၁)ဧရိယာပေ(၄၀×၆၀)ရှိ ဦးကျော်ဝင်း [၁၂/သဃက(နိုင်)၁၀၉၉၃၈] အမည်ပေါက် မြေချပါမစ်အမျိုးအစားမြေကွက်ကြီးအား စာချုပ်စာတမ်းဖြင့်ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်ကြောင်းနှင့် မိမိတွင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဦးဇော်ဝင်း [၁၂/မရက(ပြု)၀၀၀၃၆၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်စရန်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ပါမစ်မြေနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးဝင်းစိုး (LL.B,DBL,DIL) **ဦးသန့်ဇင် (LL.B)**
တရားလွှတ်တော်ရှေ့နေ(၇၁၈၂) **(အထက်တန်းရှေ့နေ)**
ထက်အောင်သျှိုင်း (အိမ်၊ခြံ၊မြေနှင့် ခရီးသွားဝန်ဆောင်မှု)
ဖုန်း- ၀၉ ၅၀၈၀၄၃၂၊ ၂၀၉၃၁၀၊ ၂၀၉၃၁၁၊ ၀၉-၇၃၁၇၀၅၁၆
အမှတ်(၁၃)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ သီတာမှတ်တိုင်အနီး၊ တာမွေမြို့နယ်။

ဒဂုံမြို့သစ်
မြောက်ပိုင်း၊ အရှေ့ပိုင်း
ဆိပ်ကမ်းရှိ မြေကွက်များ
ဝယ်လိုသည်။
ဖုန်း-၄၃၀၉၁၅၂၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ်(၆၆၂)၊ မြေကွက်တည်နေရာအမှတ်(၆၆၂)၊မြတ်မွန်လမ်း၊ ၃၆ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်(ဦးထွန်းအောင်ကျော်)(AH-၀၃၄၁၈၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းအောင်ကျော် ကွယ်လွန်သဖြင့် ဒေါ်ဦးသန်းနု(ခ)ဒေါ်သန်းနု[၁၂/ကမရ(နိုင်)၀၃၀၁၉၇]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

